# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday, 14 February 2026 ၁၂၀၉၃


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ရန်ကုန်ဘူတာကြီး၌ ခရီးသွားပြည်သူများဖြင့် စည်ကားနေမှုကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရစဉ်။

## ပိတ်ရက်ရှည်ကာလ ခရီးသွားပြည်သူများ မီးရထားဖြင့် အေးချမ်းပျော်ရွှင်စွာ ခရီးသွား

ပြည်ထောင်စုနေ့မှ တရုတ်နှစ်သစ်ကူးပိတ်ရက်ရှည်ကာလဖြစ်သော ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်အထိ ရုံးပိတ်ရက် ခြောက်ရက်တာကာလအတွင်း ခရီးသွားပြည်သူများအနေဖြင့် အပန်းဖြေခရီးစဉ်၊ လေ့လာရေးခရီးစဉ်နှင့် အလည်အပတ်ခရီးစဉ်များဖြင့် ခရီးသွားလာကြလျက်ရှိရာ ပိတ်ရက်စတင်သော ပြည်ထောင်စုနေ့မှစ၍ ရန်ကုန်မြို့ရှိ လေဆိပ်၊ ရထားဘူတာနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းတို့၌ ယာဉ်များ၊ ခရီးသွားပြည်သူများဖြင့် အသက်ဝင်လျက်ရှိသည်။


စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍


**ယနေ့ ဖတ်စရာ**


**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ** စာမျက်နှာ » ၃

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပ**

**ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာ** စာမျက်နှာ » ၄

**ဝါသီးနှံကို တစ်ပြိုင်တည်းကောက်သိမ်းနိုင်မည့် နည်းပညာများနှင့် အလားအလာ**



ဆောင်းပါး စာမျက်နှာ » ၆

**စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများ** ဆောင်းပါး စာမျက်နှာ » ၁၀





ကြေးမုံ

# တိုင်းပြည်အေးချမ်းသာယာဝပြောရေး အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၏ အခြေခံလိုအပ်ချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဖြစ်သည်။ ပြည်သူများအတွက် အဓိကလိုအပ်ချက်မှာလည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဖြစ်သည်။ အဆိုပါအချက်နှစ်ချက်ကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ပြီး အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောမှသာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများရှိပြီး သဘာဝသယံဇာတများပေါများကြွယ်ဝသည်။ စိုက်ပျိုးမြေ၊ စိုက်ပျိုးရေလုံလောက်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံရှိခြင်း၊ ရေချိုအရင်းအမြစ်ကြွယ်ဝခြင်း၊ လုပ်နိုင်ကိုင်နိုင်ရှိသည့် လူသားအရင်းအမြစ်ပေါများခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာအတွက် မပူပင်ရသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သောကြောင့် တစ်ဧကပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ပါက စားရေရိက္ခာဖူလုံပိုလျှံပြီး ပြည်ပသို့ပိုမိုတင်ပို့နိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာ၍ တိုင်းပြည်သာယာဝပြောမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးကူညီလျက်ရှိသည်။ အရည်အသွေးကောင်းမွန်သောတန်ဖိုးမြင့်ထုတ်ကုန်များကို ပြည်တွင်းဖူလုံရေးသာမက ပြည်ပသို့တင်ပို့နိုင်ရေးကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးရေးသာမက မွေးမြူရေးနှင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သမားရိုးကျလုပ်ကိုင်ဆောင်ရွက်မှုအစား ခေတ်မီနည်းစနစ်များဖြင့် အထွက်နှုန်းတိုးအောင်၊ သီးထပ်စွမ်းအားမြင့်မားအောင်၊ အရည်အသွေးကောင်းအောင်၊ ကုန်ထုတ်လုပ်မှုအဆင့် မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းပြည်သာယာဝပြောရေးအတွက် စီးပွားရေးသည် အရေးကြီးသောကဏ္ဍဖြစ်သလို တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများအေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါအချက်များသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ပကတိလိုအပ်ချက်များဖြစ်သည်။ ဒေသတစ်ခု တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အစိုးရတွင် တာဝန်ရှိသည်မှန်သော်လည်း အဆိုပါဒေသတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့်လည်း တာဝန်ရှိကြပါသည်။ ဒေသတစ်ခု တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းကို ပျက်ပြားအောင် ထိုဒေသရှိ အကြမ်းဖက်သမားများက ဖန်တီးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိကာလတွင် အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများသာမက လမ်း၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခြင်းကြောင့် လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်ဝန်ဆောင်မှုများ နှောင့်နှေးကြန့်ကြာခြင်း၊ ကုန်ဈေးနှုန်းများ မြင့်မားလာခြင်း၊ ပညာသင်ယူမှုအခွင့်အလမ်းများဆုံးရှုံးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်းတို့နှင့်ကြုံတွေ့ကြရပြီး ဒေသခံပြည်သူများမှာ ဒုက္ခဆင်းရဲရောက်လျက်ရှိသည်။ နယ်မြေဒေသမတည်ငြိမ်၍ ဒေသခံပြည်သူများ လူမှုစီးပွားဘဝနိမ့်ကျခြင်း၊ အသက်အန္တရာယ်ထိခိုက်ခြင်းတို့ကြုံတွေ့လျက်ရှိရာ ပြည်သူအချင်းချင်း စာနာထောက်ထားကြရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အစိုးရအားတော်လှန်သည်ဟု ကြွေးကြော်သော်လည်း မိမိတို့ပြည်သူများနေထိုင်သည့် မြို့ရွာများကို အသုံးချဖျက်ဆီးနေကြသည့် ဆင်ခြင်တုံတရားနည်းပါးသော မိုက်မဲမှုလုပ်ရပ်များဖြစ်သည်။ မြို့ရွာများ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်ခြင်းသည် ဒေသခံပြည်သူများသာ လူမှုစီးပွားဘဝထိခိုက်ပြီး ဆင်းရဲဒုက္ခရောက်ကြရသည်ကို သတိချပ်ရမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများနှင့်လက်တွဲပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေး တိုက်ပွဲဖော်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်တွင်းအင်အားစုများကိုအခြေခံကာ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်အောင်မြင်စေရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ပြည်သူများလူမှုစီးပွားဘဝများ မြင့်မားတိုးတက်မည်ဖြစ်၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးကို အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီသီမြင့်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## တောင်ကြီးမြို့နယ်ရှိ ရုရှားနေကြာစိုက်ပျိုးထားရှိမှုအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

တောင်ကြီး ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းဓနထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ ရုရှားနေကြာ( Ipolit/ Valkun OR) မျိုး စိုက်ပျိုးထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက စိုက်ခင်းအားကြည့်ရှုရာတွင် အပင်ပေါက်နှုန်းအားကောင်းမွန်စေရေး၊ လိုအပ်သည့်အစိုဓာတ်ရရှိရန်အတွက် ရေသွယ်တန်းမှု၊ စိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးထားရှိမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး အပင်၏ အသက်ရက်အလိုက် ကျွေးရမည့် အစာအာဟာရများ အချိုးကျအချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါမကျရောက်စေရေးလိုအပ်သည်များ ကြိုတင်ဆောင်ရွက်ရန်နှင့် ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်းရရှိရေး ဦးတည်ကြိုးပမ်းကြပ်မတ်ဆောင်ရွက်သွားကြရန် ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည် –

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ၁၃ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကိုအပိုင်း သုံးပိုင်းဖြင့်ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခင် ရွေးကောက်ပွဲများနှင့် မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း စိတ်အားထက်သန်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများ၊ နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပေးနိုင်ရန် ဦးစားပေးအနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ လူဦးရေစာရင်းများအပေါ်အခြေခံ၍ မဲဆန္ဒရှင်စာရင်းပြုစုခဲ့ပြီး မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ဖြည့်စွက်ပြင်ဆင်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲမတိုင်မီ သုံးကြိမ်တိုင် ကပ်ထားကြေညာပေးခြင်း၊ မဲစာရင်းများမှန်ကန်မှုရှိရေး နိုင်ငံရေးပါတီများအား ဖိတ်ခေါ်၍ ပူးပေါင်းစိစစ်ခြင်းများကို စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ ရက်ပေါင်း ၆၀ ခွင့်ပြုပေးခဲ့ပြီး နိုင်ငံရေးပါတီများ၏ တင်ပြချက်အရ ရွေးကောက်ပွဲအပိုင်းလိုက် ထပ်မံခွင့်ပြုပေးခဲ့ကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလ တစ်လျှောက် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ကြသည့်အတွက်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲအပိုင်းလိုက် နိုင်ငံရေးပါတီများအား အကြောင်းကြားစာများပေးပို့စေခဲ့ပြီး လာရောက်ကြည့်ရှုသည့် ကိုယ်စားလှယ်စာရင်းများကိုပါ တင်ပြစေခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ မဲမသမာမှု မဖြစ်စေရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပိုင်း သုံးပိုင်းလုံးတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပိုင်းလိုက် ထုတ်ပြန်ကြေညာပေးခဲ့ပြီး အနိုင်ရကိုယ်စားလှယ်စာရင်းများအပြင် FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ၊ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တွက်ချက်မှုပုံစံတို့နှင့် အတူ ပါတီအလိုက် ကိုယ်စားလှယ်ရရှိမှုအခြေအနေများကို တစ်ပြိုင်နက် ထုတ်ပြန်ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲရုံတစ်ရုံချင်းစီအလိုက် စာရင်းများကိုပါရယူ၍ ရလဒ်တွက်ချက်ခြင်းများကို ကော်မရှင်အဖွဲ့ခွဲများနည်းတူဆောင်ရွက်ခဲ့ပြီး စနစ်တကျ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲရလဒ်အသေးစိတ်များကို နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ လေ့လာကြည့်ရှုနိုင်ရန် ပွင့်လင်းမြင်သာစွာ ခင်းကျင်းပြသထားကြောင်း၊ မိမိပါတီ၊ မိမိကိုယ်စားလှယ်လောင်းများ နစ်နာမှုရှိသည်ဟုယူဆပါက သတ်မှတ်ကာလအတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ အပိုင်းလိုက် ပိုမိုပြည့်စုံ၍ စနစ်တကျဖြစ်စေရန်၊ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လိုအပ်မှုများ မရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှကိုယ်စားလှယ်များအား ဖိတ်ကြား၍ ရွေးကောက်ပွဲအပိုင်းအားလုံးကို စောင့်ကြည့်လေ့လာခဲ့ကြပြီး လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲ၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အောင်မြင်သည့် ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြကြောင်း၊ နိုင်ငံတကာနှင့်ပြည်တွင်း သတင်းမီဒီယာများမှ သတင်းမီဒီယာများကလည်း ရွေးကောက်ပွဲတွင် လွတ်လပ်စွာ သတင်းရယူခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ၏ စည်းကမ်းစနစ်တကျဖြင့် အဆင်ပြေစွာ လာရောက်မဲပေးခဲ့မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြခဲ့ကြကြောင်း။

ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးခြင်းအားဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ပါတီအရေအတွက် မြင့်မားလာကြောင်း၊ နိုင်ငံရေးပါတီ ၃၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပါတီ ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၁၅ ရွေးကောက်ပွဲတို့တွင် နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်လောင်းများသာ ရွေးကောက်ခံခဲ့ရသော်လည်း ယခုရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီ ၅၇ ပါတီအနက် နိုင်ငံရေးပါတီ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့ ရွေးကောက်တင်မြှောက်ခံခဲ့ရကြောင်း၊ ထို့ကြောင့် ယခင်ရွေးကောက်ပွဲများထက် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များ လွှတ်တော်အတွင်း ကိုယ်စားပြုခွင့် ပိုမိုရရှိလာကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အမြဲတမ်းရှင်သန်နေသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေး ဆောင်ရွက်ခြင်း၊ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲအပေါ်တွင် အားသာချက်၊ အားနည်းချက်များကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး ဥပဒေ၊ နည်းဥပဒေပြင်ဆင်ရေးအပါအဝင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားမည့် ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရေး နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်ရွေးချယ်မခံရသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း လွှတ်တော်ပြင်ပအမျိုးသားနိုင်ငံရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူလူထုအကျိုး၊ မဲဆန္ဒရှင်များ၏အကျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ထောက်ခံအားပေးမှုကိုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၅ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၈-၂-၂၀၁၆ ရက်မှ ၂၇-၃-၂၀၁၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာအောင်မြင်ပြီးသူ သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၁၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချိတိုးချဲ့အနောက်ကွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

MSMEဖွံ့ဖြိုးတိုးတက်ရေးအတွက်အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များအား ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ဖြစ်ရမည့်အပြင် အပင်ပေါက်ရောက်မှုရာခိုင်နှုန်းများသည့်မျိုးစေ့များကို အလေးပေးရွေးချယ်အသုံးပြုရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး ပညာရှင်များအနေဖြင့် သုတေသနလုပ်ငန်းများကို အစဉ်အမြဲ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုးများ၊ ဝါပင်များစသည်တို့ကို မီးမရှို့ဘဲ လောင်စာအတောင့်အဖြစ် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် သုံးစွဲသူများ ဝယ်ယူသည့်ပစ္စည်းများကို ထုတ်လုပ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်သင့်ပါကြောင်း၊ MSME ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် MSME များမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကိုသာ ခင်းကျင်းပြသ၊ ရောင်းချသည့် ဈေးဝယ်စင်တာများကိုသာ ဖော်ဆောင်သင့်ပါကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအနေဖြင့် အစွမ်းကုန်ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ စက္ကူစက်ရုံ (ရေနီ)၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုး၍ စားသုံးဆီကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေ၊ အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ် ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ ဝါးစိုက်ပျိုးအသုံးပြုနိုင်မှု အခြေအနေတို့ကိုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းများအနေဖြင့်အသုံးပြုသည့် ကုန်ကြမ်းများ လုံလောက်မှုရှိမှသာ စက်စွမ်းအားပြည့်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီစက်များ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထွက်ရှိသည့် သီးနှံများကိုလည်း ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူအသုံးပြုရမည်ဖြစ်ကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကောင်းမွန်သည့် စိုက်ပျိုးရေးစနစ်၊ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ(၁၁) ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများအား အနှစ်သာရရှိစွာ ဆောင်ရွက်မှသာ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက MSME လုပ်ငန်းရှင်များ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံပေးရေး လမ်းညွှန်မှုပြုသဖြင့် ယခုအသိပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ MSME တွင် ထုတ်လုပ်မှု၊ ရောင်းချမှု၊ ဝန်ဆောင်မှု၊ အခြားဟူ၍ ခွဲခြားထားပါကြောင်း၊ MSME များအား ဖွံ့ဖြိုးတိုးတက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုပြပွဲတွင် ဝန်ကြီးဌာနပြခန်းများကို ထည့်သွင်းပြသထားပါကြောင်း။

ယခုပြပွဲသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်မှုအဖြစ် ပြည်ထောင်စုအဆင့်ပြပွဲဖြစ်ကြောင်း၊ ပြပွဲတွင် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ အားနည်းချက်များကို အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် MSME များမှ ပါဝင်ဆောင်ရွက်နိုင်သည့်ကဏ္ဍများကို ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်း၊ လိုအပ်ချက်များကို ပြုပြင်ခြင်းစသည့် အဆင့်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိထုတ်ကုန်ပစ္စည်းများကို မူပိုင်ခွင့်ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် MSME ထုတ်ကုန်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လုပ်ငန်းရှင်များ၏ အခက်အခဲများကို ချက်ချင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များအား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် မူပိုင်ခွင့်ရရှိရန်အရေးကြီးသဖြင့် ဆွေးနွေးမှုများကို အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် ရရှိသည့် အသိပညာဗဟုသုတများကို လုပ်ငန်းရှင်အချင်းချင်းပြန်လည်မျှဝေပေးသွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေက ဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပနှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လုပ်ငန်းရှင်များ လိုအပ်သည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ တင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်များရရှိရေး စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ပို့ကုန်လိုင်စင်ထုတ်ပေးလျက်ရှိပါကြောင်း၊ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် တစ်နှစ်ထက်တစ်နှစ် အရည်အသွေးပိုမိုကောင်းမွန်လာသဖြင့် ဈေးဝယ်စင်တာကြီးများတွင် ယခင်ကထက် ပိုမိုခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း၊ လုပ်ငန်းရှင်းများကို ပြည်တွင်းရှိ အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်အချင်းချင်း ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရှိပါက တင်ပြပေးပါရန်နှင့် လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဆိုင်ရာနှင့်စပ်လျဉ်း၍ သိရှိသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက် ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ဆဋ္ဌမနေ့ကို နေပြည်တော်ရင်ပြင်၌ ဆက်လက်ကျင်းပလျက်ရှိရာ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက် ကြည့်ရှုလေ့လာကြသဖြင့် အထူးစည်ကားများပြားသည်။

ပြပွဲသို့ လာရောက်ကြသည့် ပြည်သူများအား သက်ဆိုင်ရာပြခန်းများအလိုက် MSME ထုတ်ကုန်များ အကြောင်းကို ပြခန်းတာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြသည်။

ပြခန်းအလိုက် ပြသထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာ အစားအသောက်များ ရောင်းချပေးသည့် ဈေးဆိုင်ခန်းများတွင်လည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်ကို တွေ့ရသည်။

ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိပြီး ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၂၀ ကျော် ပြသရောင်းချလျက်ရှိသည်။

ယနေ့ပြပွဲ ဆဋ္ဌမနေ့သို့ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူ ၁၄၀၀၀၀ ကျော် ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုယ့်ရဲ့ထုတ်ကုန်ပစ္စည်းကို အရည်အသွေးကောင်းကောင်းနဲ့ ဘယ်လိုအမျိုးအစားတွေ ထုတ်လုပ်ရောင်းချတယ်ဆိုတာ အများပြည်သူကို တိုက်ရိုက်ထိတွေ့ကြော်ငြာခွင့်ရတာမို့ ကိုယ့်ရဲ့လုပ်ငန်းတိုးတက်ဖို့ ကြိုးစားခွင့်ရတဲ့ နေရာကောင်းတစ်ခုပါ

**ဦးဟိန်းထွင်အောင်**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည်။


ဦးကျော်ကျော်နိုင်


ဒေါ်ဆုယဉ်ထွန်း


ဦးတင်ကို


ဦးဟန်ရွှေ


ဦးဟိန်းထွန်းအောင်


ဒေါ်ရီရီဝင်း


ဒေါ်မြသန္တာ

ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသ ရောင်းချလျက်ရှိပြီး ပါဝင်ပြသ ရောင်းချကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -

**ဦးကျော်ကျော်နိုင်**

**Managing Director၊**

**OK Myanmar Co., Ltd.**

ကျွန်တော်တို့နိုင်ငံမှာ ရော်ဘာပစ္စည်းနဲ့ပတ်သက်ပြီး အဝိုင်းစီးကွင်းလို ပစ္စည်းသေးသေးလေးကစပြီး စက်အကြီးတွေမှာ သုံးတဲ့ Rubber Roller အကြီးတွေအထိ နိုင်ငံတကာအဆင့်မီ အရည်အသွေးနဲ့ ထုတ်လုပ်နိုင်ပြီဆိုတာကို ပြည်သူတွေ သိရှိအောင် လာရောက်ပြသတာဖြစ်ပါတယ်။ ပထမဦးဆုံးအကြိမ်ပါဝင်ပြသတာဖြစ်ပါတယ်။ ပထမဆုံးအကြိမ်လာရောက်တာ ဖြစ်ပေမယ့် ကျွန်တော်တို့ ကြိုးစားထားတဲ့ ရော်ဘာထုတ်ကုန်တွေအတွက် ဈေးကွက်ချိတ်ဆက်မှု ရရှိခဲ့တယ်။ နောက်ပိုင်းမှာ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်။ အခုကတော့ ပြည်တွင်းဈေးကွက်ကိုပဲ အဓိကထား ဖြန့်ဖြူးပေးနေပါတယ်။

ကျွန်တော်တို့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာ အရည်အသွေး ကောင်းကောင်းနဲ့ ထုတ်လုပ်ပြီး ပြည်ပပို့နိုင်ဖို့ ကြိုးစားတဲ့နေရာမှာ လိုအပ်ချက်လေးတွေတော့ ရှိနေပါတယ်။ အဲဒီအတွက် နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုကို မျှော်လင့်ပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ အသုံးများတဲ့ စက်မှုသုံး ကြိုးတွေ၊ ကားတာယာတွေ အများကြီး လိုအပ်ပါတယ်။ ဥပမာအနေနဲ့ အများသူငါ မြင်သာတဲ့ပစ္စည်းကို ပြောပြတာပါ။ ဒီပစ္စည်းတွေကို ပြည်တွင်း လုပ်ငန်းရှင်တွေအနေနဲ့ ကောင်းမွန်စွာ ထုတ်လုပ်နိုင်နေပါပြီ။ စက်ပစ္စည်းတွေနဲ့ စက်ရုံအတွက် နေရာတော့ လိုအပ်ပါတယ်။ အဓိကကတော့ ပြခန်းကို လာရောက်လေ့လာခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံမှာဒါတွေ ထုတ်လုပ်နိုင်နေပြီဆိုတာ ပြည်သူတွေ သိရှိလာမယ်၊ လုပ်ငန်းရှင်တွေ အချင်းချင်း ချိတ်ဆက်နိုင်မယ်၊ လုပ်ငန်းတွေ ပူးပေါင်းပြီး ဆောင်ရွက်လာနိုင်မယ်၊ အဲဒီလို အကျိုးကျေးဇူးတွေ ရှိတဲ့အတွက် ဒီလိုပြပွဲကို အမြဲမပြတ် ကျင်းပပေးစေချင်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း အကျိုးကျေးဇူးများတဲ့အတွက် လာရောက်ပူးပေါင်းပါဝင်ပြသကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဆုယဉ်ထွန်း**

**အသေးစားစက်မှုလက်မှု**

**လုပ်ငန်းဦးစီးဌာန**

**ဧရာဝတီတိုင်းဒေသကြီး ပြခန်း**

ဒီပြပွဲမှာ ကျွန်မတို့ဌာနကနေ ငှက်ပျောချည်နဲ့ ပတ်သက်တဲ့ ထုတ်ကုန်ကို လာရောက်ပြသတာဖြစ်ပါတယ်။ ငှက်ပျောချည်လုပ်ဖြစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ဧရာဝတီတိုင်းဒေသကြီးက ငှက်ပျောပင်တွေပေါ်များတယ်၊ မြန်မာနိုင်ငံက တချို့ဒေသတွေလည်း ငှက်ပျောပင်တွေ ပေါ်များကြတယ်၊ အဲဒီလို ပေါ်များတဲ့ ငှက်ပျောပင်ကနေ အရည်သွေးမြင့်တဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်တယ် ဆိုတာကို ပါဝင်ပြတာဖြစ်ပါတယ်။ လက်ရှိမှာ ငှက်ပျောချည်နဲ့ လူသုံးကုန်ပစ္စည်းတွေကို စမ်းသပ်ထုတ်လုပ်နေပါတယ်။ ဒီထက်ပိုကောင်းတဲ့ အရည်အသွေးတွေနဲ့ ကောင်းမွန်တဲ့ ထုတ်ကုန်အရည်အသွေးဖြစ်ဖို့အတွက် ကြိုးစားနေပါတယ်။

ငှက်ပျောချည်က ထွက်တဲ့ ထုတ်ကုန်ကို အရည်အသွေးမြှင့်ဖို့ နည်းပညာပိုင်းတော့ လိုအပ်ပါတယ်။ ဒေသခံပြည်သူတွေကိုလည်း သင်တန်းပေးနိုင်ဖို့အတွက် ပြင်ဆင်နေပါတယ်။ အခုကတော့ ရုံးမှာပဲ စမ်းသပ်ထုတ်လုပ်ပြီး ပြသထားတာဖြစ်ပါတယ်။ အခု စမ်းသပ် ထုတ်လုပ်ထားတာကတော့ ပဝါ၊ တီဗီအစွပ်၊ ခုံအစွပ်၊ အိတ်မျိုးစုံ၊ လက်ကိုင်အိတ် စတာတွေအပြင် အဝတ်အစားတွေပါ ထုတ်လုပ်ဖို့အတွက် လက်ရှိ စမ်းသပ်ထုတ်လုပ်နေပါတယ်။

ပြပွဲမှာ ငှက်ပျောချည်နဲ့ ပတ်သက်ပြီးတော့ လက်တွေ့ပြသထားတဲ့အတွက် ပြည်သူတွေက စိတ်ဝင်စားကြပါတယ်။ ခင်းကျင်းပြသထားတဲ့ ထုတ်ကုန်တွေကိုလည်း ဝယ်ယူကြပါတယ်။ ငှက်ပျောချည်နဲ့ ပတ်သက်ပြီး ဒီထက်ပိုပြီး ကောင်းမွန်အောင် လုပ်နိုင်ဖို့အတွက် အကြံဉာဏ်တွေပေးကြပါတယ်။ ကျွန်မတို့ ဧရာဝတီတိုင်းကနေ ထွက်တဲ့ ငှက်ပျောချည်နဲ့ အရည်အသွေးကောင်းတဲ့ ထုတ်ကုန်တွေ အများကြီး ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားမှာပါ။

**ဦးတင်ကို**

**စက်ရုံမှူး၊ Fuxing Brothers Rubber Industrial Co.,Ltd.**

စက်ရုံရဲ့ အဓိကရော်ဘာကုန်ကြမ်းကတော့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့က ရယူပါတယ်။ ကချင်၊ ရခိုင်၊ ပဲခူး၊ ရန်ကုန် စတဲ့ဒေသတွေကနေ ရော်ဘာကုန်ကြမ်းဝယ်တာလည်းရှိပါတယ်။ ခွက်ကပ်၊ ဆွဲဖက်၊ ရော်ဘာအထူပြား၊ ရော်ဘာအပါးပြားတွေကို ဝယ်ယူပြီးတော့ MSR -10၊ MSR -20၊ MSR-RSS စတဲ့ထုတ်ကုန် သုံးမျိုးကို တာယာစက်ရုံကုန်ကြမ်းအဖြစ် ထုတ်လုပ်ရောင်းချ တင်ပို့လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အရည်အသွေးပိုင်းဆိုင်ရာ ISO အသိအမှတ်ပြု လက်မှတ်လည်းရရှိထားပါတယ်။ ဒါကို အခြေခံပြီးတော့ ထုတ်ကုန်အရည်အသွေးစံချိန်စံညွှန်းနဲ့အညီ တာယာစက်ရုံတွေရဲ့ အမှာပေါ်မှာ မူတည်ပြီးတော့ ထုတ်လုပ်မှုကို အရည်အသွေးမီအောင် ထုတ်လုပ်ပေးထားပါတယ်။ ပြည်တွင်းအတွက်တော့ ရန်ကုန်တာယာက ကျွန်တော်တို့ရဲ့ ကုန်ကြမ်းကို ယူသုံးပါတယ်။

ပြပွဲမှာ ကျွန်တော်တို့ စက်ရုံရဲ့ ထုတ်ကုန်တွေကို ပြသခွင့်ရတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ရော်ဘာနဲ့ပတ်သက်တဲ့ ထုတ်ကုန်လုပ်ငန်းတွေ၊ သူတို့ရဲ့ ကုန်ကြမ်းလိုအပ်ချက်တွေကို ကျွန်တော်တို့က တစ်ဖက်တစ်လမ်း ကူညီပံ့ပိုးရာ ရောက်ပါတယ်။ အဓိကကတော့ ဒီပြပွဲကနေ ပြည်တွင်းမှာ ဒီလို ထုတ်လုပ်နေတယ်ဆိုတာကို ပြသခွင့် ရခဲ့ပါတယ်။ ကျွန်တော်တို့စက်ရုံမှာ ထုတ်ကုန်တွေကို အရည်အသွေးမီမီ ထုတ်လုပ်ပြီး တရုတ်နိုင်ငံက တာယာစက်ရုံတွေကို တင်ပို့နေပါတယ်။ ပြီးခဲ့တဲ့ လပိုင်းက နိုင်ငံတော်က ပို့ကုန်မူဝါဒတွေ ပြောင်းလဲတဲ့အတွက် ကျွန်တော်တို့လို ကုမ္ပဏီတွေအနေနဲ့ ပိုပြီးလုပ်ကိုင်နိုင်စွမ်း ရှိလာပါတယ်။ ဒီထက်မက ထုတ်လုပ်နိုင်အောင်လည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

**ဦးဟန်ရွှေ**

**အေးချမ်းသာ စံပြကျေးရွာ၊**

**တပ်ကုန်းမြို့နယ်**

ကျွန်တော်က တပ်ကုန်းမြို့နယ် အေးချမ်းသာ စံပြကျေးရွာကနေ လာရောက်ပြီးတော့ ပစ္စည်းတွေ ဝယ်ယူတာဖြစ်ပါတယ်။ ပြပွဲမှာ ခင်းကျင်းပြသထားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ပြခန်းမှာ ဒေသထုတ်ကုန်ပစ္စည်းတွေ၊ ရိုးရာအဝတ်အစားတွေကို ဝင်ရောက်လေ့လာ ကြည့်ရှုဖြစ်ပါတယ်။ ပြခန်းတွေမှာ ခင်းကျင်းပြသရောင်းချတဲ့ပစ္စည်းတွေရဲ့ ဈေးနှုန်းက အများကြီးသက်သာပါတယ်။ ကျွန်တော်ကတော့ ပြည်တွင်းထုတ် တာယာလေးလုံး ဝယ်ယူခဲ့ပါတယ်။ ကိုယ့်ပြည်တွင်းထုတ်တာယာတွေ ဈေးနှုန်းလည်း သက်သာပြီး အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ ဒါကြောင့် အရင်ကတည်းက ဝယ်ယူအသုံးပြုတာပါ။

**ဦးဟိန်းထွန်းအောင်**

**နေပန်းအထည် လက်လီ/**

**လက်ကားဖြန့်ဖြူးရေး**

ကျွန်တော်က နေပြည်တော်အတွင်း မြို့နယ်တွေနဲ့ နယ်ဘက်တွေမှာ ချုပ်ထည်တွေကို လိုက်လံဖြန့်ဖြူး ရောင်းချပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ချုပ်လုပ်တာတွေရှိတယ်၊ တချို့ကို စက်ရုံတွေဆီကတစ်ဆင့် ဖြန့်ဖြူးရောင်းချတာတွေရှိတယ်။ ဒီပြပွဲမှာ လာရောက်ရောင်းချရခွင့်ရတဲ့အတွက် ကိုယ့်ရဲ့ဆိုင်ကို အများပြည်သူလာရောက် ဝယ်ယူတဲ့အခါ ကိုယ်ရဲ့ဆိုင်နာမည် ပြောခွင့်ရမယ်၊ ကိုယ်ရဲ့ထုတ်ကုန်တွေကိုလည်း ကြော်ငြာခွင့်ရမယ်၊ ကိုယ့်ပစ္စည်းတွေက အရည်အသွေး ဘယ်လိုရှိတယ်ဆိုတာကို သိရှိသွားကြတဲ့အတွက် အကျိုးအများကြီးရှိပါတယ်။

ကျွန်တော်တို့က ချုပ်ရုံအဖြစ် လုပ်ကိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အခုကတော့ တချို့ထုတ်ကုန် လုပ်ငန်းရှင်တွေနဲ့ လက်တွဲပြီး ဖြန့်ဖြူးရောင်းချနေတာ ဖြစ်ပါတယ်။ ဒီ MSME ပြပွဲမှာ တစ်နိုင်တစ်ပိုင် လုပ်ကိုင်သူ လုပ်ငန်းရှင်တွေကိုလည်း ပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီပြပွဲကနေ ကိုယ့်ရဲ့ ထုတ်ကုန်တွေက ဘာတွေလဲဆိုတာကို အများပြည်သူသိရှိအောင် ချပြလို့ရမယ်။ ကိုယ့်ရဲ့ ထုတ်ကုန်ပစ္စည်းကို အရည်အသွေး ကောင်းကောင်းနဲ့ ဘယ်လို အမျိုးအစားတွေထုတ်လုပ် ရောင်းချတယ်ဆိုတာ အများပြည်သူကို တိုက်ရိုက်ထိတွေ့ ကြော်ငြာခွင့်ရတာမို့ ကိုယ့်ရဲ့ လုပ်ငန်း တိုးတက်ဖို့ ကြိုးစားခွင့်ရတဲ့ နေရာကောင်းတစ်ခုပါ။

**ဒေါ်ရီရီဝင်း**

**အောင်ထွန်းဖိနပ်ဆိုင်**

ပြင်ဦးလွင်ကနေ လာရောက်ရောင်းချတာဖြစ်ပါတယ်။ ကျွန်မဆိုင်မှာက ရန်ကုန်နဲ့ မန္တလေးက ထုတ်လုပ်တဲ့ ပြည်တွင်းထုတ်ဖိနပ်တွေကိုပဲမှာယူပြီး ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ ဖိနပ်ဒီဇိုင်းကတော့ အစုံရောင်းပါတယ်။ ဒီ MSME ပြပွဲကြီးမှာတော့ ပထမဦးဆုံးအကြိမ် လာရောက်ရောင်းချခြင်း ဖြစ်ပါတယ်။ ပထမဆုံးဖြစ်ပေမယ့် အများကြီးရောင်းရပါတယ်။ ဒီလိုပြပွဲကြီးမှာ ရောင်းချခွင့်ရတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်မြသန္တာ**

**ရွှေခြသေ့**

**မုန့်မျိုးစုံရောင်းဝယ်ရေး**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်က လာရောက်ပြီး ရောင်းချတာဖြစ်ပါတယ်။ နေပြည်တော် ဒေသထွက်ထုတ်ကုန်တွေပဲ အဓိကထားရောင်းချတာဖြစ်ပြီးတော့ ဒေသထွက် ထုတ်ကုန်တွေဖြစ်တဲ့ နေကြာစေ့၊ ကြက်သွန်ပေါင်းကြော်နဲ့ အာလူးကြော် စတာတွေကို စုံစုံလင်လင် ပြသရောင်းချပါတယ်။ ပြပွဲစတဲ့ ရက်ကတည်းက တော်တော်လေး ရောင်းအားကောင်းပြီး ပစ္စည်းတွေ ပြတ်လပ်တဲ့အထိ ရောင်းချခဲ့ရပါတယ်။ ပြပွဲတစ်ရက်ပြီး တစ်ရက် ရောင်းအားကောင်းလာတဲ့အတွက် အင်မတန်ဝမ်းသာရပါတယ်။ ဒီပြပွဲမှာ ကိုယ်တိုင် ထုတ်လုပ်ရောင်းချနိုင်တဲ့ အသေးစား ထုတ်ကုန်ပစ္စည်းတွေ လာရောက် ရောင်းချရတာဖြစ်တဲ့အတွက် ကိုယ့်ပစ္စည်းတွေကို အများပြည်သူ သိရှိသွားတယ်၊ ဈေးကွက်လည်း ရရှိလာတယ်။ ဈေးနှုန်းကိုလည်း သက်သက်သာသာနဲ့ ရောင်းချနေတာဖြစ်ပါတယ်။

**အောင်ဂျိုင်းကျော်**

**ဓာတ်ပုံ-အောင်မင်းထွန်း**

# ဝါသီးနှံကို တစ်ပြိုင်တည်း ကောက်သိမ်းနိုင်မည့် နည်းပညာများနှင့် အလားအလာ

**အေးအေးသန့်(ဝါ/လျှော်)**

ဝါဂွမ်းသည် အရည်အသွေးမြင့် သဘာဝချည်မျှင်တစ်မျိုးဖြစ်၍ အထည်အလိပ်လုပ်ငန်းအတွက် အဓိကအရေးပါမှုနှင့်အတူ ဝါစေ့ဆီသည်လည်း လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သဖြင့် ကမ္ဘာတွင် အရေးကြီး စက်မှုကုန်ကြမ်းသီးနှံအဖြစ် ရပ်တည်လျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်မှုတန်ဖိုး မြင့်မားသောကြောင့် ကမ္ဘာတွင် ရွှေဖြူအဖြစ် တင်စားကြပါသည်။

ဝါစိုက်နိုင်ငံအသီးသီးသည် ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအတွက် စိုက်ပျိုးသည်မှ ဝါကောက်သိမ်းသည်အထိ ခေတ်မီစက်ကိရိယာများ အသုံးပြုဆောင်ရွက်လျက်ရှိကြပြီး ကမ္ဘာ့ဝါစိုက်ဧရိယာ၏ သုံးပုံတစ်ပုံသည် စက်ဖြင့် ဝါကောက်သိမ်းခြင်း ဆောင်ရွက်ကြောင်း သိရပါသည်။ ဝါစိုက်နိုင်ငံများအနက် ဘရာဇီး၊ အမေရိကန်၊ ဩစတြေးလျ၊ တူကီယဲ၊ မက္ကဆီကို၊ အစ္စရေး စသည့် နိုင်ငံများတွင် ဝါစိုက်ဧရိယာအားလုံးနီးပါးကိုလည်းကောင်း၊ တရုတ်၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ စိုက်ဧရိယာအများစုကိုလည်းကောင်း စက်ဖြင့်ကောက်သိမ်းနေကြပြီဖြစ်ပါသည်။ အိန္ဒိယ၊ ပါကစ္စတန်၊ တောင်အာဖရိကနိုင်ငံတို့တွင် လူဖြင့် ကောက်သိမ်းခြင်းသာမက ဝါကောက်စက်များကိုလည်း တွဲဖက်အသုံးပြုနေကြပြီဖြစ်ပါသည်။



> **လိုအပ်ချက်နှင့်ကိုက်ညီသည့် မျိုးရရှိရန် အချိန်ယူဆောင်ရွက်ရသဖြင့် လက်ရှိမျိုးများအပေါ်တွင် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ (Canopy Management) အသုံးပြုပြီး ပန်းပွင့်ချိန်စော၍ ညီညာစေရန်၊ ဝါသီးတင်ရှိမှုကောင်းစေရန်၊ အချိန်တိုအတွင်း ဝါပေါက်ကွဲမှုပြီးမြောက်စေပြီး တစ်ပြိုင်တည်း စက်အသုံးပြု ကောက်သိမ်းနိုင်ရန်တို့အတွက် ပျဉ်းမနားမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးနှောင်းဝါစိုက်ပျိုးရာသီတွင် ဝါမျိုးခြောက်မျိုးကို စမ်းသပ်ခဲ့ရာ တစ်ပြိုင်တည်းကောက်ယူနိုင်မည့် အောင်မြင်မှုအနေအထားကို တွေ့ရှိ**

### လက်ဖြင့်ကောက်သိမ်းသည့် စနစ်ကိုသာ အသုံးပြု

မြန်မာနိုင်ငံတွင် လက်ရှိအနေဖြင့် လက်ဖြင့် ကောက်သိမ်းသည့် စနစ်ကိုသာ အသုံးပြုကြပါသေးသည်။ ဝါကောက်စက်အသုံးပြု ကောက်သိမ်းမည်ဆိုပါက စိုက်ပျိုးသည့်မျိုးသည် အပင်မြင့်လွန်းခြင်းမရှိဘဲ ကျစ်လျစ်သည့် အပင်ပုံသဏ္ဌာန်ရှိပြီး ပန်းပွင့်ချိန်၊ ဝါပေါက်ကွဲချိန် အများစုညီညာနိုင်သည့်မျိုး၊ သက်တမ်းတိုမျိုးများဖြစ်ရန် လိုအပ်ကာ စိုက်စနစ်မှာလည်း တစ်ဧကအပင်ရေ များများဝင်ဆံ့သော ပင်ကြားစိပ်သည့် စိုက်စနစ် (High Density Population System) ဖြစ်ရန် လိုအပ်ပါသည်။

ဝါကောက်သိမ်းရန် လုပ်သားရှားပါးခြင်းကို ဖြေရှင်းနိုင်ပြီး လုပ်ငန်းဆောင်ရွက်မှု တွင်ကျယ်စေရန်အတွက်နှင့် ရေရှည်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲအသုံးပြုရာ၌ ဝါသီးနှံကို ဧကကွက်၊ ဟက်တာကွက်အလိုက် တစ်ကွင်းတစ်စပ်တည်း စက်ဖြင့် တစ်ချိန်တည်း ၊ တစ်ပြိုင်တည်း ကောက်သိမ်းနိုင်ရန် လိုအပ်လာမည်ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်ဖြန့်ဖြူးထားသည့် ဝါမျိုးများနှင့် ပြည်ပမှတင်သွင်းသည့်စပ်မျိုးဝါများသည် အပင်ပုံသဏ္ဌာန်ပြန့်ကားခြင်းနှင့် သက်တမ်းအားဖြင့် (၁၆၀-၁၆၅) ရက်အထိရှိပြီး ဝါပေါက်ကွဲမှုကာလ ၄၅ ရက်ခန့်အတွင်း လေးကြိမ်မှ ငါးကြိမ် ကောက်သိမ်းရလေ့ရှိသဖြင့် စက်ဖြင့်ကောက်သိမ်းနိုင်သည့် ဝါမျိုးသစ်များရရှိရန် မျိုးသုတေသနများကို စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲက စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် လိုအပ်ချက်နှင့်ကိုက်ညီသည့် မျိုးရရှိရန် အချိန်ယူဆောင်ရွက်ရသဖြင့် လက်ရှိမျိုးများအပေါ်တွင် အပင်အရွယ်အစားထိန်းချုပ်ခြင်းနည်းလမ်းများ(Canopy Management) အသုံးပြုပြီး ပန်းပွင့်ချိန်စော၍ ညီညာစေရန်၊ ဝါသီးတင်ရှိမှုကောင်းစေရန်၊ အချိန်တိုအတွင်း ဝါပေါက်ကွဲမှု ပြီးမြောက်စေပြီး တစ်ပြိုင်တည်း စက်အသုံးပြုကောက်သိမ်းနိုင်ရန်တို့အတွက် ပျဉ်းမနားမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းဝင်းအတွင်း ၂၀၂၅ ခုနှစ် မိုးနှောင်းဝါစိုက်ပျိုးရာသီတွင် ဝါမျိုး ခြောက်မျိုးကို စမ်းသပ်ခဲ့ရာ တစ်ပြိုင်တည်းကောက်ယူနိုင်မည့် အောင်မြင်မှုအနေအထားကို တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

ဝါသီးနှံစိုက်စနစ်အနေဖြင့် ယခင်က တန်းကြား သုံးပေ၊ ပင်ကြား ၂ ဒသမ ၅ ပေ (သို့) နှစ်ပေ စိုက်ပျိုးခဲ့ရာမှ ယခုစမ်းသပ်မှုတွင် တန်းကြား သုံးပေ၊ ပင်ကြား ခြောက်လက်မဖြင့် ပြောင်းလဲပြီး တစ်ဧကလျှင် အပင်ရေ ၂၉၀၄၀ ဝင်ဆံ့အောင် စိုက်ပျိုးပါသည်။

### အပင်အာဟာရများကို အပင်ကြီးထွားမှု အဆင့်အလိုက်အသုံးပြု

အပင်အရွယ်အစားထိန်းချုပ်သည့် နည်းလမ်းများအနေဖြင့် အပင်ကြီးထွားမှု ထိန်းညှိဆေးများ (Plant Growth Regulators )နှင့် အပင်အာဟာရများကို အပင်ကြီးထွားမှု အဆင့်အလိုက် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ ဝါပင်များ အပင်ဟုန်ခြင်းမဖြစ်စေဘဲ သီးပွင့်အင်္ဂါများ အားကောင်းစေရန် နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်ဆီယမ်ဓာတ်မြေဩဇာများကို သတ်မှတ်နှုန်းထားများအတိုင်း အချိုးကျထည့်သွင်း စိုက်ပျိုးပြီး အပိန့်စတင်ဝင်သည့် အပင်သက်တမ်း ၃၅ ရက်သားတွင် ဖူးပွင့်ဖြစ်ပေါ်မှုကို လှုံ့ဆော်ရန်နှင့် ပန်းပွင့်မှုညီညာစေရန် အပင်ကြီးထွားမှု ထိန်းညှိဆေးတစ်မျိုးဖြစ်သည့် ဂျင်ဘရဲလစ်အက်စစ် (Gibberellic acid) ကို စတင်အသုံးပြုပါသည်။

ယင်းနောက် ဖြစ်ပေါ်လာသည့် ဖူးပွင့်အင်္ဂါများတင်ရှိမှု အားကောင်းစေရန် အနည်းလိုအာဟာရ ရွက်ဖျန်းမြေဩဇာအား ပန်းစတင်ပွင့်ချိန် ၅၀ ရက်သား၊ ပန်းပွင့်ဖြိုင်ချိန် ၇၀ ရက်သားတို့တွင် ဖြည့်စွက်အသုံးပြုပါသည်။ အပင်ပိုင်းကြီးထွားမှု (Vegetative Growth) ကိုထိန်းညှိ၍ သီးပွင့်အင်္ဂါဖြစ်ထွန်းမှု (Reproductive Growth) ကိုအားပေးပြီး ပန်းပွင့်မှုညီညာစေရန်အတွက် အပင်ကြီးထွားမှု ထိန်းညှိဆေးတစ်မျိုးဖြစ်သည့် ပစ် (Pix – Mepiquat Chloride) ကို အပင်သက်တမ်း ၆၀ ရက်သားနှင့် ၇၅ ရက်သားတို့တွင် နှစ်ကြိမ် အသုံးပြုပါသည်။

နောက်ဆုံးအနေဖြင့် အပင်သက်တမ်း ၁၃၀ ရက်သားတွင် ဝါပေါက်ကွဲမှု ညီညာစေပြီး ဝါကောက်သိမ်းမှု ကာလတိုစေရန် အပင်ကြီးထွားမှု ထိန်းညှိဆေးတစ်မျိုးဖြစ်သည့် သီးကွဲဆေး (Ethephon) ကို ပက်ဖျန်းအသုံးပြုပြီးနောက် စောင့်ဆိုင်းရမည့်ကာလ ရက်သတ္တ နှစ်ပတ်အကြာ အပင် သက်တမ်း ၁၄၅ ရက်သားခန့်တွင် တစ်ပြိုင်တည်း ကောက်သိမ်းနိုင်ခြင်းဖြစ်ပါသည်။

### စမ်းသပ်မှုအောင်မြင်ရရှိ

**ယခုနည်းပညာကို ပြည်တွင်းမျိုးများဖြစ်သည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ နှင့် ပြည်ပစပ်မျိုးဝါများဖြစ်သည့် B-31၊ RAKA-666 ၊ KTK တို့အပေါ် သက်ရောက်မှုကို နှိုင်းယှဉ်ရာတွင် ပြည်တွင်းမျိုး**

စာမျက်နှာ ၇ သို့ ✱






○ ရှေ့ဖုံးမှ

အထူးသဖြင့် ခရီးသွားအများစုသည် သွားလာစရိတ်သက်သာသော မြန်မာ့မီးရထားခရီးစဉ်ကို နှစ်သက်ကြလေ့ရှိသည်။ ယခုလို ပိတ်ရက်ရှည်ခရီးသွားကာလ၏ ပိတ်ရက်ပထမဆုံးနေ့ ဖြစ်သည့် ပြည်ထောင်စုနေ့တွင် ရန်ကုန်မြို့မှ ခရီးသွားပြည်သူများ မီးရထားဖြင့် အေးချမ်းပျော်ရွှင်စွာ ခရီးသွားလာခဲ့ကြရာ ရန်ကုန်ဘူတာကြီးအတွင်း ခရီးသွားပြည်သူတို့ဖြင့် စည်ကားခဲ့ပြီး ခရီးသွားပြည်သူတို့ကို အစဉ်ဝန်ဆောင်မှုကောင်းများပေးနေသည့်မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ခရီးသွားပြည်သူအချို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။



**ဦးယဉ်မင်းဦး**
**(မြန်မာ့မီးရထားတိုင်း – ၇၊ တိုင်းမန်နေဂျာ)**

မြန်မာ့မီးရထားအနေနဲ့ ခရီးသွားပိတ်ရက်ရှည် ကာလဆိုရင် အထူးရထား ပြေးဆွဲပေးပါတယ်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ကနေ ၁၇ ရက်အထိ ပိတ်ရက်ကာလမှာလည်း အများပြည်သူနဲ့ ရုံးဝန်ထမ်းတွေ သွားလာရေး အဆင်ပြေချောမွေ့အောင် အထူးရထားတွေ ပြေးဆွဲပေးနေပါတယ်။ ၁၂ ရက်နေ့ကစပြီး ရန်ကုန် – နေပြည်တော် အစုန်/အဆန် အထူးရထား၊ ရန်ကုန်–မော်လမြိုင် အဆန်အထူးရထားနဲ့ ရန်ကုန်–ပြည် အဆန် အထူးရထား ပြေးဆွဲပြီး ၁၇ ရက်နေ့မှာ ရန်ကုန်–နေပြည်တော်–ရန်ကုန် အစုန်/အဆန် အထူးရထား၊ မော်လမြိုင်–ရန်ကုန်နဲ့ ပြည်–ရန်ကုန် အစုန်အထူးရထားတွေ ပြေးဆွဲမှာ ဖြစ်ပါတယ်။ ရန်ကုန် – မန္တလေး၊ မန္တလေး – နေပြည်တော် – မန္တလေး လမ်းပိုင်းတွေကိုလည်း အွန်လိုင်းစနစ်နဲ့ ရောင်းချပေးနေပါတယ်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ပြေးဆွဲတဲ့ ရထားခရီးစဉ်တွေကို အွန်လိုင်းကနေ ရောင်းချပေးနေပါတယ်။ ခရီးစဉ် အစ၊ အဆုံးကို တစ်ပတ် ကြိုတင်ဝယ်ယူနိုင်ပြီး လမ်းဘူတာအတွက် သုံးရက်ကြိုတင် ဝယ်ယူနိုင်ပါတယ်။ ခရီးသွားများတဲ့ မော်လမြိုင်လိုင်းကိုလည်း လေအိတ်အထူးရထား ပြေးဆွဲပေးနေပါတယ်။ ဒီနေ့ဆိုရင် ခရီးသွားအပြည့်ပါပဲ။ ပြည်ရထားလည်း အတူတူပါပဲ။ မြန်မာ့မီးရထားအနေနဲ့ များများနဲ့ မြန်မြန် သယ်ယူပို့ဆောင်နိုင်ရေးနဲ့ ခရီးသွားများ လိုရာကိုရောက်ရှိဖို့ ဝန်ဆောင်မှုပေးနေပါတယ်။ ယခုလို ပိတ်ရက်ရှည်မှာ အများပြည်သူနဲ့ ဝန်းထမ်းများ အဆင်ပြေအောင် ပုံမှန်ရထားအပြင် အထူးရထားတွေ ပြေးဆွဲပေးနေတာဖြစ်တဲ့အတွက် ခရီးသည်နဲ့ ကုန်စည်များ စိတ်ချမ်းမြေ့စွာ ပို့ဆောင်ပေးနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးမောင်မောင်နိုင်**
**(မော်လမြိုင်အထူးရထား၊ စက်ခေါင်းမောင်း – ၂)**

ခရီးသွားပိတ်ရက် ပထမဆုံးနေ့ဖြစ်တဲ့ ပြည်ထောင်စုနေ့မှာ ရထားစီးပြည်သူ အပေါင်းကို ဝန်ဆောင်မှု ပေးခွင့်ရတဲ့အပေါ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ဒီနေ့မှာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုတွေ စည်းလုံးခြင်းဆိုတဲ့ ရထားကြီးနဲ့ တင်ဆောင်ပြီး ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတော်သစ်ဆီကို ပို့ဆောင်ပေးရသလို ရင်ထဲမှာလည်း ခံစားရပါတယ်။ ပြီးတော့ အများပြည်သူ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်အောင် အထူးရထားပြေးဆွဲပေးတဲ့အပေါ် ခရီးသွားပြည်သူတွေ အားရကျေနပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော် လုပ်သက် ၃၁ နှစ်ရှိပါပြီ။ ဒီနေ့ မနက် ၉ နာရီ ၁၅ မှာ မော်လမြိုင်ကို ထွက်ခွာပြီး ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ မော်လမြိုင်ကနေ ရန်ကုန်ဘူတာကြီးကို ပြန်လည်ထွက်ခွာလာမှာပါ။ ခရီးသွားပြည်သူ အပေါင်း ကျန်းမာပျော်ရွှင်ပါစေ။



**မသွန်းနဒီစံ**
**(တက္ကသိုလ်ကျောင်းသူ)**

ကျွန်မက ပြည်ကို သွားမှာပါ။ အခုလို ပြည်ထောင်စုနေ့မှာ မှတ်မှတ်ရရ ခရီးသွားရတာဖြစ်တဲ့အတွက် ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ မိသားစုလိုက် ဘုရားသွားဖူးတာပါ။ ရထားတွဲတွေကို တွေ့မြင်ရတာ သန့်ရှင်းသပ်ရပ်နေတဲ့အတွက် ခရီးသွားရတဲ့အပေါ် စိတ်ကျေနပ်မှုကို အပြည့်အဝခံစားရပါတယ်။ ယခုထက်ပိုပြီး ရထားတွဲဆိုင်းတွေ၊ ထိုင်ခုံတွေ၊ အခြားဝန်ဆောင်မှုတွေနဲ့ ဖိတ်ခေါ်နေမယ်ဆိုရင် ပြည်တွင်း/ပြည်ပ ခရီးသွားတွေ ပိတ်ရက်မဟုတ်တဲ့ ကြားကာလမှာလည်း မီးရထားနဲ့ ခရီးသွားကြမှာ အမှန်ပါ။ ခရီးသွားကဏ္ဍ တိုးတက်ဖို့ဆိုရင် ပြည်သူနဲ့ ဝန်ထမ်း လက်တွဲညီဖို့လည်း လိုပါတယ်။ ကျွန်မအမြင်ပြောရရင် မီးရထားကဏ္ဍ အများပြည်သူ ထဲထဲဝင်ဝင် သိရှိလာအောင် မြန်မာ့မီးရထားရဲ့ ခေတ်မီတိုးတက်လာမှုကို ချပြဖို့လည်းလိုပါတယ်။ ဒါမှသာ ရထားစီးလိုစိတ်၊ နိုင်ငံချစ်စိတ်နဲ့ ဘာတွေစောင့်ထိန်းလိုက်နာရမလဲဆိုတဲ့ စိတ်ထားတွေ ရင်ထဲပေါ်ပေါက်လာစေမှာပါ။ ဒီခရီးစဉ်မှာ လေအိတ်ရထားကြီး စီးရမယ်ဆိုတဲ့ အသိစိတ်က ခရီးသွားရတယ်ဆိုတဲ့ စိတ်နဲ့ ထပ်တူပြုမိတဲ့အပေါ် ရင်ခုန်စိတ်လှုပ်ရှားရပါတယ်။

**ဒေါ်ကြည်ကြည်သန်း**
**(ခရီးသွားပြည်သူ)**

ကျွန်မက မော်လမြိုင်ကို သွားတာပါ။ ခရီးသွားရင် အမြဲတမ်း ရထားနဲ့သွားတာ ကြာပါပြီ။ ဘာကြောင့်လဲဆိုတော့ မော်တော်ကားထက် စိတ်လွတ်လပ်အေးချမ်းလို့ပါ။ မြန်မာ့မီးရထားရဲ့ အမာခံခရီးသွားတွေဆိုရင် မော်လမြိုင်နဲ့ ပြည် ရထားလိုင်းက ခရီးသွားတွေလို့ဆိုရင် မမှားပါဘူး။ ဒီရထားလိုင်းတွေပြေးဆွဲခဲ့တာ နှစ်ပေါင်းများစွာကြာပြီဖြစ်လို့ ယနေ့တိုင်စီးနင်းနေတဲ့အတွက် မြန်မာ့မီးရထားမှာ အမာခံခရီးသွားလို့ ပြောရတာပါ။ ဒီလိုင်းနှစ်လိုင်းက ခရီးသွားတွေနဲ့ မြန်မာ့မီးရထားနဲ့ ဘယ်လို သံယောဇဉ်ကြီးကြတယ်ဆိုတာ မြန်မာ့မီးရထားက သိပါတယ်။

အခုကျင့်သုံးနေတဲ့ အွန်လိုင်းနဲ့ လက်မှတ်ဝယ်တဲ့စနစ်မှာ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေး ခရီးစဉ်တွေပဲပါသေးတယ်။ မော်လမြိုင်မြို့နဲ့ ပြည်ခရီးစဉ် မပါသေးတဲ့အတွက် ရန်ကုန်ဘူတာကြီး လက်မှတ်ရုံမှာ မနေ့က မနက် ၅နာရီ တန်းစီပြီး လက်မှတ်ဝယ်ရပါတယ်။ အွန်လိုင်းကရောင်းပေးရင် ပိုပြီး အဆင်ပြေပါလိမ့်မယ်။ လက်မှတ်တန်းစီပြီး ဝယ်လိုသူကလည်း လက်မှတ်ဝယ်နိုင်သလို အွန်လိုင်းကလည်းဝယ်နိုင်ရင် ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ အွန်လိုင်းက ဝယ်မယ်ဆိုရင် အင်တာနက်လိုင်းကောင်းဖို့လိုသလို သူတို့ပေးတဲ့ QR ကုဒ်ထဲကို တစ်ပြိုင်တည်း ခရီးသွားပြည်သူတွေ လက်မှတ်ဝယ်နေတာ ဖြစ်တဲ့အတွက် ဝင်မရ၊ ဝယ်မရတာတွေလည်း ကြုံရနိုင်ပါတယ်။ ဒါကြောင့် အချိန်မရွေးအွန်လိုင်းက အဆင်ပြေပြေ ဝယ်နိုင်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ပြီးတော့ ရထားစီးတဲ့အခါမှာ ထိုင်ခုံလက်မှတ် မထပ်အောင် ဆောင်ရွက်ပေးဖို့လည်း လိုပါတယ်။ ဘာပဲဖြစ်ဖြစ် ရထားနဲ့ခရီးသွားရတာ ပျော်ရွှင်ပါတယ်။ ဒီနေ့လို ပြည်ထောင်စုနေ့မှာ ခရီးသွားရတာ မှတ်မှတ်ရရ ဖြစ်တဲ့အတွက် စိတ်လည်း ကြည်နူးရပါတယ်။ မြန်မာ့မီးရထားတိုးတက်ပြောင်းလဲလာတာကို တွေ့ရတာ ဝမ်းသာရပါတယ်၊ အထူးသဖြင့် နိုင်ငံအတွက်လည်း ဂုဏ်ယူမိပါတယ်။ ယခုထက်ပိုပြီး ခရီးသွားတွေကို ဝန်ဆောင်မှုကောင်းများ ပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်၊ မြန်မာ့မီးရထား အောင်မြင်တိုးတက်ပါစေ။



**ကိုရဲရင့်အောင်(ခရီးသွားပြည်သူ)**

မနေ့က ကလေးတွေ စာမေးပွဲပြီးတာနဲ့ ပြည်ထောင်စုနေ့မှာ ခရီးသွားဖို့ လက်မှတ်ကြိုဝယ်ထားခဲ့ပါတယ်။ ခရီးသွားများပေမယ့် အားလုံးအဆင်ပြေပါတယ်။ ရထားကိုကြည့်ပြီး ကလေးတွေ ပျော်နေတာကို မြင်ရတော့ ဖခင်တစ်ယောက်အနေနဲ့ ရင်ထဲပျော်ရွှင်ရပါတယ်။ သူတို့အတွက် ဒီလို ရထားစီးပြီး ခရီးသွားရတယ်ဆိုတဲ့ ခံစားမှုမျိုးကို သူတို့ကြီးပြင်းလာတဲ့အချိန်မှာ အမှတ်တရအဖြစ် ကျန်ရှိနေမှာပါ။ ကျွန်တော်တို့ငယ်စဉ်ကလည်း ဒီလိုခံစားမှုမျိုးကို မိဘတွေကနေတစ်ဆင့် လက်ဆင့်ကမ်းပေးခဲ့တာပဲလေ။ ယခင်ထက် အများကြီးပြောင်းလဲလာတဲ့ မီးရထားကို သတိပြုမိပါတယ်။ မြန်မာ့မီးရထား ယခုထက်ပိုပြီး အောင်မြင်တိုးတက်ပါစေ၊ ခရီးသွားဝန်ဆောင်မှု ပိုပြီးကောင်းမွန် တိုးတက်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။

**တွေ့ဆုံမေးမြန်း – ဥသာ**




ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့် ရထားတစ်စင်းကို တွေ့ရစဉ်။

✻ စာမျက်နှာ ၆ မှ

**ငွေချည်–၁၁ နှင့် ရွှေတောင်–၁၀ တို့မှာ တုံ့ပြန်မှုအကောင်းဆုံးအနေအထားနှင့် စက်ဖြင့်ကောက်သိမ်းနိုင်ရန် အလားအလာအရှိဆုံး မျိုးများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုစမ်းသပ်မှုမှ အောင်မြင်မှုရရှိခဲ့ပြီဖြစ်၍ ဧရိယာအကျယ်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

ယခုနည်းစနစ်ကို အသုံးပြုရာတွင် ပုံမှန်စိုက်ပျိုးပြုစုမှု စရိတ်များအပြင် အပင်ကြီးထွားမှု ထိန်းညှိဆေးနှင့် ဖြည့်စွက်အသုံးပြုသည့် အပင်အာဟာရများအတွက် ကုန်ကျစရိတ် ကျပ်တစ်သိန်းခန့် ပိုမိုကုန်ကျနိုင်ပါသည်။ သို့ရာတွင် အပင်ရေတိုးမြှင့်ဝင်ဆံ့သည့် စိုက်စနစ်ဖြင့် စိုက်ပျိုးထားခြင်း၊ အပင်ပိုင်း ကြီးထွားမှုမှ သီးပွင့်အင်္ဂါ ဖြစ်ပေါ်မှုသို့ အားပေးစေပြီး ဖြစ်ပေါ်လာသည့် သီးပွင့်အင်္ဂါများကို တင်ရှိမှုကောင်းစေရန် ဆောင်ရွက်ထားခြင်းဖြစ်၍ ဝါကောက်သိမ်းသက်တမ်းလျှော့ချနိုင်ပြီး တစ်ပြိုင်တည်း ကောက်သိမ်းနိုင်သဖြင့် နောက်သီးနှံကို ရာသီချိန်အမီ စိုက်ပျိုးနိုင်မည့် အားသာချက်အပြင် အထွက်နှုန်းအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရပါသည်။ လက်ရှိတွင် နိုင်ငံအတွင်း ဝါကောက်စက် အသုံးပြုမှုမရှိသေးသော်လည်း တောင်သူများကလွယ်ကူစွာ ဝါကောက်သိမ်းနိုင်ခြင်းအပြင် ဝါကောက်စက်များ အသုံးပြုလာချိန်တွင် လက်တွေ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**ရေရှည်တွင် ဝါကောက်စက်အသုံးပြုကောက်သိမ်းနိုင်ရန်အတွက် လိုအပ်ချက်အနေဖြင့် စက်များအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမြင့်ခြင်း၊ ဝါကောက်စက်ကောင်းစွာအသုံးပြုနိုင်မည့် မျိုးများရှိရန်လိုအပ်ခြင်း၊ ဝါစိုက်ခင်းများသည် ဧကကွက်၊ ဟက်တာကွက်ကျယ်များဖြစ်ရန်နှင့် မြေမျက်နှာပြင်ညီညာရန်တို့ လိုအပ်ပါသည်။**

ဝါကောက်စက်ဖြင့် ကောက်သိမ်းခြင်း၏ အားသာချက်များအနေဖြင့် ဝါအကြိမ်ကြိမ် ကောက်သိမ်းရခြင်းကြောင့် လုပ်သားအကြိမ်ကြိမ်သုံးစွဲမှုအစား တစ်ကြိမ်တည်းကောက်သိမ်းနိုင်မည်ဖြစ်ရာ လုပ်သားသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ လုပ်သားများအပေါ် မှီခိုနေရမှုနှင့် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ တစ်ရက်အတွင်း ဧရိယာများစွာ လုပ်ငန်းပြီးမြောက်မည်ဖြစ်သဖြင့် ရာသီဥတုကြောင့် ပျက်စီးမှုနှင့် ပိုးမွှားတိရစ္ဆာန်များဖျက်ဆီးမှုတို့မှ လွတ်ကင်းနိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း ၊ ဝါကောက်စရိတ်သက်သာခြင်း၊ အထွက်နှုန်းမှတ်တမ်းများရယူနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

# စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME များ ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းဒစ်ဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုကာ မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း Digital Corner မှာ လက်တွေ့ကျကျ ပြသထားတာ ဖြစ်ပါတယ်

**(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)ကို နေပြည်တော်ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြသထားသော Digital Corner ပြခန်း၌ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာ မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျကို ပြပွဲဆဋ္ဌမမြောက်နေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံမေးမြန်းထားမှုများကို တင်ပြအပ်ပါသည် –**

**မေး။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ Digital Corner ပြခန်းမှာ ပြသထားမှု အခြေအနေကို သိရှိလိုပါတယ်။**

**ဖြေ။ ။** ပြခန်းအမှတ်(၃၅)မှာ ပြသထားတဲ့ Digital Corner မှာ နိုင်ငံတော်အကြီးအကဲရဲ့ ယမန်နှစ် လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတွေကို ပြသထားသလို ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်က နိုင်ငံတော်အကြီးအကဲ Digital Corner ပြခန်းကို လာရောက်ကြည့်ရှုအားပေးစဉ်က လမ်းညွှန်ချက်တွေအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ လမ်းညွှန်ချက်တွေအတိုင်း Agro-based Industries၊ MSMEများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ ပါ သက်ဆိုင်ရာ မဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များ ပြည့်မီစေရေး၊ ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်တီထွင်မှုများကို အခြေခံသည့် စွန့်ဦးတီထွင်ဂေဟရပ်ဝန်းတစ်ရပ် ဖြစ်ထွန်းလာစေရေး၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော ပြည်သူ့အခြေပြု ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးတို့ကို အဓိကရည်ရွယ်ပြီး ကျွန်တော်တို့ ပြသထားတာဖြစ်ပါတယ်။

အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME များ ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းဒစ်ဂျစ်တယ်ပလက်ဖောင်းများ အသုံးပြုကာ မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း ပြကွက်(၁) AgroSight၊ ပြကွက်(၂) AyarFarm နှင့် ပြကွက်(၃) Digital Transformation of MSME တို့မှာ လက်တွေ့ကျကျ ပြသထားတာဖြစ်ပါတယ်။

စက်မှုလုပ်ငန်းခွင်–တက္ကသိုလ် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် MSME ဖွံ့ဖြိုးတိုးတက်ရေး ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုကိုလည်း ပြသထားပြီး ဌာနများ၊ စက်ရုံများ၊ MSME များနဲ့ ကျွန်တော်တို့ရဲ့ Polytechnic University ကိုးခု၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ ချိတ်ဆက်မှုနဲ့ နည်းပညာတောင်းခံမှုတွေကို အဆိုပါ ပလက်ဖောင်းမှ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်ပါတယ်။

ခုခေတ်မှာတော့ Agentic AI ကိုပါ Agro-based Industries နဲ့ MSME တွေမှာ သုံးလာကြပါပြီ။

ကိုယ်ပိုင်ဒစ်ဂျစ်တယ်ပလက်ဖောင်းကို သုံးခြင်းကပဲ လုပ်ငန်းတွေကို ရေရှည်မှာ ရပ်တည်နိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အမှန်တကယ် ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ သူများ ပလက်ဖောင်းကိုပဲ အလွယ်တကူ သွားသုံးရင် ပြုပြင်ထိန်းသိမ်းခတွေ၊ ဝန်ဆောင်ခတွေ၊ လိုင်စင်ခတွေ ရေရှည်မှာ ထပ်ကုန်မှာဖြစ်ပြီး သူများပလက်ဖောင်းဖြစ်လို့ ခွင့်တောင်းရတာတွေရှိပါတယ်။ ကိုယ့်စိတ်ကြိုက် မွမ်းမံပြင်ဆင်မှုတွေအတွက် အခက်အခဲတွေ ဖြစ်လာနိုင်ပြီး ဒေတာပိုင်ဆိုင်မှု၊ ဆိုက်ဘာလုံခြုံမှု၊ ထိန်းချုပ်ကွပ်ကဲနိုင်မှုနဲ့ အကျိုးအမြတ်ခွဲဝေမှုတွေအတွက်လည်း ရေရှည်မှာ အငြင်းပွားမှုတွေ၊ အခက်အခဲတွေ ဖြစ်ပေါ်နိုင်ပါတယ်။

**မေး။ ။ ပြခန်းနှစ်ခုမှာ လာရောက်မေးမြန်းဆွေးနွေးမှုနဲ့ နည်းပညာတောင်းခံမှုအရေအတွက်များကို သိရှိလိုပါတယ်။**

**ဖြေ။ ။** ဆဋ္ဌမမြောက်နေ့ မွန်းလွဲပိုင်းအထိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းနဲ့ Digital Corner ပြခန်းတို့မှာ နည်းပညာဆိုင်ရာ လာရောက်မေးမြန်းဆွေးနွေးသူ ၁၅၀၀ ခန့်ရှိပါတယ်။

နည်းပညာတောင်းခံမှုအရေအတွက်များမှာ– သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် နည်းပညာပေါင်း ၂၇ ခုတို့ကို တောင်းခံထားတာဖြစ်ပြီး မှိုကြာရှည်ခံနည်းပညာ၊ ငှက်သိုက်တာရှည်ခံနည်းပညာ၊ ဂျင်းပျားရည်၊ ပျားရည်သကြားလုံး၊ ပျားရည်ဂျယ်လီ၊ ပျားရည်ကော်လာဂျင်၊ ကြက်သားမှုန့်၊ ဟင်းသီးဟင်းရွက်ဟင်းခတ်မှုန့်၊ ထောပတ်ကွတ်ကီး၊ အသင့်စားဆန်ပြုတ်နည်းပညာ၊ ကော်မှုန့်၊ ဖျော်ရည်နည်းပညာများအပါအဝင် စားသောက်ကုန်နည်းပညာတောင်းခံမှု ၂၃ ခု၊ ကမ်းဇော်ဆီနည်းပညာ၊ အနံ့ပျောက်သန့်စင်ဆေးရည်နည်းပညာ၊ ချင်းနက်ဒဏ်ကြေလိမ်းဆေး နည်းပညာအပါအဝင် လူသုံးကုန်နည်းပညာတောင်းခံမှု လေးခုတို့ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

ဇီဝနည်းပညာသုတေသနဦးစီးဌာနမှာ Mass Production ဖြင့် ထုတ်လုပ်ရန် ဇီဝထုတ်ကုန်ဆိုင်ရာ နည်းပညာ ခြောက်ခု တောင်းခံထားပြီး ရှားစောင်းမျက်နှာသစ်ဆပ်ပြာ၊ ဝါးရှာလကာရည်ဈေးချွတ်မျက်နှာသစ် ဆပ်ပြာ၊ သစ်ခွမျက်နှာသစ်ဆပ်ပြာ၊ သစ်ခွကင်ပွန်းသီးမှုန့်မျက်နှာသစ်ဆပ်ပြာ၊ ဆီးချိုရှိသူများအတွက် အသင့်သောက်မန်ကျည်းဖျော်ရည်နဲ့ ဆီးချိုရှိသူများအတွက် ထန်းလျက်မှုန့် Capsule တို့ ဖြစ်ပါတယ်။

နည်းပညာ မြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရဲ့ IoT နည်းပညာသုံး ဆိုလာ EV အားသွင်းစနစ်ကိုပြသထားရာ နည်းပညာတောင်းခံမှု သုံးဦး ရှိပါတယ်။

Digital Corner မှာ နည်းပညာ ဆွေးနွေးတောင်းခံမှု၊ သင်တန်းတောင်းခံမှုပေါင်း ၂၀ ရှိပါတယ်။

**မေး။ ။ ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေကို ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

**ဖြေ။ ။** ယနေ့ခေတ်ဟာ သိပ္ပံခေတ်၊ ဒစ်ဂျစ်တယ်နည်းပညာခေတ်၊ AI ခေတ်ဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ နည်းပညာဆိုင်ရာ အသိပညာဗဟုသုတများ သိမြင်ကြွယ်ဝစေအောင် လာရောက်ကြည့်ရှုလေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတွေကို မြှင့်တင်ဆောင်ရွက်နိုင်ဖို့ လိုအပ်နေတဲ့ နည်းပညာတွေကိုသာ တောင်းခံလိုက်ပါ။ ကျွန်တော်တို့ပြသထားတဲ့ ပြကွက်တွေနဲ့ ကိုက်ညီရင် ဥပဒေ၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ နည်းပညာလွှဲပြောင်းပေးဖို့ ဆောင်ရွက်ပေးပါမယ်။ တကယ်လို့ ပြသထားတဲ့ ပြကွက်တွေနဲ့ မကိုက်ညီရင် သုတေသနဌာနတွေ၊ တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ သုတေသနစီမံကိန်း/လုပ်ငန်းတွေ သုတေသနပြုစမ်းသပ်မှုတွေကို ပူးပေါင်းဆောင်ရွက်ပေးပြီး နည်းပညာလိုအပ်ချက်တွေနဲ့ ကိုက်ညီရင်၊ ရလဒ်တွေက လိုအပ်တဲ့ အရည်အသွေးပြည့်မီရင် နည်းပညာလွှဲပြောင်းပေးဖို့ ဆက်လက်ဆောင်ရွက်ပါမယ်။ ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့လိုအပ်တဲ့ နည်းပညာကို တောင်းခံနိုင်တဲ့ အထူးအခွင့်အရေးကို ဒီပြပွဲကာလအတွင်းမှာ ရရှိနေတာဖြစ်လို့ လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

# နေပြည်တော်ရင်ပြင်၌ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက်ပြခန်း ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**



နေပြည်တော် ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/ စီးပွားချိတ်ဆက် ပြခန်းတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဌာနများဖြစ်သည့် ကုန်သွယ်ရေး ဦးစီးဌာနတွင် ပို့ကုန် / သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း / တင်ပို့မှုဆိုင်ရာ ထောက်ခံချက် ကိစ္စရပ်များကို ရှင်းလင်း ဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့၊ MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ /လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်း ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေ ရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့် ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေး စေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

ပြပွဲ ဆဋ္ဌမမြောက်နေ့ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ/လက်ကားငါးဆိုင်နှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၃၇ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ်ကိုးခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၂၅ ဦး၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၁၁ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ လုပ်ငန်း/စီးပွားချိတ်ဆက် ပြခန်းတွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် စုစုပေါင်း ၄၅၄ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ/ လက်ကား စုစုပေါင်း ၁၂ ဆိုင်နှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၃၀၅ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ စုစုပေါင်းဘဏ် ၁၄ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၂၃၄ ဦး၊ ပြည်ပ ဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ စုစုပေါင်း လုပ်ငန်းရှင် ၈၂ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ သာသနာ့ဗိမာန်တော်ကြီး အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး



**စစ်တွေ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးအား အကြီးစား ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးစဉ်ဆောက်လုပ်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းအစီအမံများ၊ ဗိမာန်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဗိမာန်တော်ကြီး အကြီးစား ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ ဗိမာန်တော်ကြီး ပထမထပ်နှင့် မြေညီထပ်တို့တွင် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်ရမည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

# စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ချောင်းဦးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့ငွေပေးအပ်

**ချောင်းဦး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့နယ် အနော်ရထာခန်းမ၌ ယမန်နေ့က အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။




မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင် ဗိုလ်မှူးဝေဖြိုးသာ၊ အတွင်းရေးမှူး ရဲမှူးမြင့်သောင်းတို့က ယာယီနေရပ်စွန့်ခွာလာသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ ယာယီနေထိုင်ရေး၊ စားသောက်ရေး၊ လုံခြုံရေးအတွက် လိုအပ်ချက်များ မေးမြန်းကာ ဖြည့်ဆည်းပေးသည်။ ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ (၇/၂၀၂၅) (၈/၂၀၂၅) (၉/၂၀၂၅) လများအတွက် ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် ခြောက်သောင်းစီ ပေးအပ်သည်။

အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာလာရသည့် ကံကြီးကုန်းကျေးရွာ၊ ကင်မွန်းတောကျေးရွာနှင့် ကံဇီးကျေးရွာမှ ပြည်သူများ၊ ပင်လည်ဘူးမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအိမ်ထောင်စု ၁၁၂ စု၊ ပြည်သူ ၄၅၂ ဦးအား တစ်ဦးလျှင် သုံးလစာ ကျပ်ခြောက်သောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၇၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဲခူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းက ပဲခူးမြို့ ဥသျှောမြို့သစ်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က ပထမဆုရရှိသော ဘုရားကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားဆုတို့ ပေးအပ်ချီးမြှင့်စဉ်။

တင်စိုး(ပဲခူး)

## အလှသရုပ်မှန် မြန်မာ့ရုပ်သံ

✻ နေ့သစ်တစ်ခု၊ အစပြုချိန်တွင်
အိမ်ဦးခန်းထက်၊ ခွန်းဆက်သံသာလွင်
အသံလွှင့်ရုပ်မြင်၊ တူယှဉ်ကောင်းကျိုး
တရားလည်းနာ တေးသံသာ
မင်္ဂလာကျက်သရေ တိုးသည်တည့်လေး။

✻ နေ့သစ်ကိုပျိုး၊ လွန့်နိုးချိန်မှသည်
တစ်နေကုန်ခန်း၊ ညချမ်းချိန်ထိဆီ
မရပ်တန့်ပြီ၊ ရာသီမပျက်
'ပြန်ကြား' 'ဖျော်ဖြေ' 'ပညာဝေ'
ခွန်းခြွေလုပ်အား ဆက်သည်တည့်လေး။

✻ ခေတ်မီတိုးတက်၊ မျိုးဆက်ဆင့်ကမ်းကာ
ဒစ်ဂျစ်တယ်ခေတ်၊ ထွန်းသစ်နည်းပညာ
ရုပ်သံကြည်စွာ၊ ထည်ဝါဂုဏ်ဝင့်
အွန်လိုင်းပေါ်တွင် ခေတ်နှင့်ယှဉ်
ပီပြင်အဆင့်မြှင့်သည်တည့်လေး။

✻ လေလှိုင်းထုတ်လွှင့်၊ ကမ်းဆင့်ကြရာဝယ်
ကြောင်းရာ သွက်လက်၊ ထက်မြက်စေဖို့ရွယ်
ရင်းမြစ်နယ်ပယ်၊ သွယ်သွယ်အဝဝ
တိကျစေရန် သတင်းမှန်
ထုတ်ပြန်လက်ဆောင်ငှသည်တည့်လေး။

✻ ကောလာဟလ၊ လုံးဝလက်မခံ
တု,ယောင် သတင်း၊ ဖြိုခွင်း ချေဖျက်ရန်
ပြည်သူတို့ထံ၊ အမှန်ပြန်ကြား
ကျင့်ဝတ်လည်းညီ မူလည်းညီ
ရပ်တည်စံပြုထားသည်တည့်လေး။

✻ ပြိုင်စံတကယ်ရှား
ဝင့်ကြွား အလှသရုပ်မှန် လှစ်လို့ချီ။ ။

✻ နိုင်ငံတစ်လွှား
ထင်ရှားမြန်မာ့ရုပ်သံ ဖြစ်တော့သည်။ ။

(နှစ် ၈၀ ပြည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့သို့ ဂုဏ်ပြုလျက်)

**မောင်သင်းပျံ့(ကျိုက်ထော်)**

# စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာနွယ်ရီဝင်း

**စာပေအနုပညာလက်ရာများကို ကိုယ်တိုင်စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးသူများသည် ၎င်းတို့ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ မူပိုင်ခွင့် ပိုင်ရှင်များဖြစ်ကြသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များသည် ဥပဒေအရ သတ်မှတ်ထားသော စီးပွားရေးဆိုင်ရာအခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ ရရှိကြသည်။**

စီးပွားရေးဆိုင်ရာ အခွင့်အရေးအနေဖြင့် မူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးသည့် လက်ရာများကို အခြားသူများက အသုံးပြုခြင်းအတွက် ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့်ရရှိသည်။ သို့ဖြစ်၍ မူပိုင်ရှင်များသည် ၎င်းတို့ပိုင်ဆိုင်မှုများမှ စီးပွားရေးဆိုင် ရာ အကျိုးအမြတ်ရရှိမှု သေချာစေရန် ၎င်းတို့၏ အခွင့်အရေးများကို ကောင်းမွန်စွာ စီမံခန့်ခွဲရန် လိုအပ်သည်။

မူပိုင်ရှင်များက စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မိမိကိုယ်တိုင် စီမံခန့်ခွဲနိုင်သကဲ့သို့ စာပေနှင့် အနုပညာမူပိုင်ခွင့်များကို စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများသို့လည်း အပ်နှံနိုင်သည်။ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း (Collective Management Organization–CMO) ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံပြီး ၎င်းတို့၏ အခွင့်အရေးများကို အမြတ်အစွန်းအတွက် မရည်ရွယ်ဘဲ စီမံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သည်။

နိုင်ငံတကာတွင် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများကို များသောအားဖြင့် အမြတ်အစွန်းအတွက် မရည်ရွယ်သည့် non-profit organization များအဖြစ် ဖွဲ့စည်းတည်ထောင်လေ့ရှိကြသည်။ စာပေနှင့် အနုပညာအခွင့်အရေးများကို စုပေါင်းစီမံခန့်ခွဲသည့်စနစ်သည် စာပေနှင့် အနုပညာဖန်တီးမှုလက်ရာများကို အများပြည်သူထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေနိုင်ခြင်းကြောင့် ယဉ်ကျေးမှုအနုပညာအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပြန့်ပွားရေးအတွက် အရေးပါသကဲ့သို့ စာပေအနုပညာဖန်တီးမှု ထုတ်ကုန်များဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတွင် စာပေအနုပညာဖန်တီးမှုလက်ရာများကို ကမ္ဘာအနှံ့မှပရိသတ်များထံသို့ လျင်မြန်စွာရောက်ရှိစေရန် CMO စနစ်ကို တည်ထောင်ကြသည်။ CMO များသည် ဖန်တီးသူများကို ၎င်းတို့၏ဖန်တီးမှုရလဒ်များမှ စီးပွားရေးအကျိုးအမြတ်ရရှိမှုကို သေချာစေပြီး အသုံးပြုသူများအနေဖြင့်လည်း စာပေအနုပညာဖန်တီးမှုလက်ရာအမျိုးမျိုးကို လွယ်လင့်တကူ ရရှိခံစားစေနိုင်သကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို ဖြစ်ပေါ်တိုးတက်စေနိုင်သည်။

## စုပေါင်းစီမံခန့်ခွဲသည့်စနစ်

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးထားသည့် လက်ရာများအား မည်ကဲ့သို့ အသုံးပြုမည်၊ မည်သူအား အသုံးပြုခွင့်ပြုပေးမည်ကို ကိုယ်တိုင်စီမံဆောင်ရွက်ခွင့်ရှိသည်။ မူပိုင်ခွင့်ပိုင်ရှင်နှင့် အသုံးပြုသူတို့အကြား သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ခွင့်ပြုချက်ဖြင့် အသုံးပြုခွင့်လိုင်စင်ပေးခြင်းတို့ဖြင့် မိမိ၏လက်ရာများကို အသုံးပြုသူထံမှ မူပိုင်ခအခကြေးငွေများ ရရှိနိုင်သည်။ သို့ရာတွင် အချို့သောလုပ်ငန်းများဖြစ်သည့် အနုပညာလက်ရာများကို ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ အများပြည်သူသို့ ထုတ်လွှင့်တင်ဆက်ခြင်းနှင့် ပွဲလမ်းသဘင်နှင့် ခန်းမများတွင် ဖျော်ဖြေတင်ဆက်မှုများတွင် ဖန်တီးသူလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်များထံမှ လက်ရာတိုင်းအတွက် အသုံးပြုရန် ခွင့်ပြုချက်ရယူခြင်း၊ ထိုက်သင့်သည့် မူပိုင်ကြေးပေးခြင်းများ ပြုလုပ်ရန် မလွယ်ကူသည့်အတွက် မူပိုင်ရှင်၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်စား စီမံခန့်ခွဲရန် တာဝန်ယူသည့်အဖွဲ့အစည်းများ တည်ထောင်ကြခြင်းဖြစ်သည်။

စာပေအနုပညာလက်ရာများအား အသုံးပြုလိုသူများအနေဖြင့် CMO နှင့် ဆက်သွယ်၍ ခွင့်ပြုချက်လိုင်စင်ရယူခြင်းဖြင့် တစ်နေရာတည်းမှ လက်ရာများအား အသုံးပြုခွင့်ရရှိပြီး မူပိုင်ကြေးများကိုလည်း မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးချင်းစီကို ဆက်သွယ်ပေးချေရန်မလိုဘဲ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ပေးချေနိုင်သည်။ တစ်ဖန် စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းက မူပိုင်ခွင့်ပိုင်ရှင်များထံသို့ မူပိုင်ကြေးများအား စနစ်တကျ ပြန်လည်ခွဲဝေပေးခြင်းဖြင့် CMO ၏လုပ်ငန်းတာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်သည်။

> **ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတွင် စာပေအနုပညာ ဖန်တီးမှုလက်ရာများကို ကမ္ဘာအနှံ့မှ ပရိသတ်များထံသို့ လျင်မြန်စွာရောက်ရှိစေရန် CMO စနစ်ကို တည်ထောင်ကြသည်။ CMO များသည် ဖန်တီးသူများကို ၎င်းတို့၏ ဖန်တီးမှုရလဒ်များမှ စီးပွားရေးအကျိုးအမြတ်ရရှိမှုကို သေချာစေပြီး အသုံးပြုသူများအနေဖြင့်လည်း စာပေအနုပညာဖန်တီးမှု လက်ရာအမျိုးမျိုးကို လွယ်လင့်တကူ ရရှိခံစားစေနိုင်သကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ဖြစ်ပေါ်တိုးတက်စေနိုင်**

**စာပေ သို့မဟုတ် အနုပညာလက်ရာများကို စီးပွားရေးအလို့ငှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ စင်တင်တေးဂီတ၊ KTV၊ Social Media များတွင် အသုံးပြုလျှင် အသုံးပြုသူများသည် CMO သို့ ဆက်သွယ်၍ အသုံးပြုသည့် လက်ရာအတွက် မူပိုင်ကြေးများကိုလည်း သက်ဆိုင်ရာ CMO က ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ပေးဆောင်ရမည်ဖြစ်သည်။ အကယ်၍ အသုံးပြုလိုသည့်လက်ရာသည် CMO သို့ အပ်နှံထားခြင်းမရှိပါက သက်ဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များသို့ တိုက်ရိုက်ဆက်သွယ်၍ ခွင့်ပြုချက်ရယူခြင်းနှင့် မူပိုင်ကြေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။**

## CMOစနစ်တည်ထောင်ရန် ဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံတွင် စုပေါင်းစီမံခန့်ခွဲသည့်စနစ် တည်ထောင်နိုင်ရန်အတွက် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အခန်း(၁၉)တွင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအား ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ CMO ဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

CMO အဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားရမည့် လျှောက်လွှာပုံစံများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၉/ ၂၀၂၄ ဖြင့်လည်းကောင်း၊ လျှောက်ထားရာတွင် ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးဆောင်ရမည့် အခကြေးငွေသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

## CMO ဖွဲ့စည်းရန်လျှောက်ထားခြင်း

CMO ဖွဲ့စည်းဆောင်ရွက်ရန်အတွက် လျှောက်ထားခြင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂) နေပြည်တော်တွင် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီဖြစ်သည်။ ထိုသို့လျှောက်ထားရာတွင် အဖွဲ့အစည်း၏ အထွေထွေမန်နေဂျာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသူက အဖွဲ့၏ကိုယ်စား လျှောက်လွှာပုံစံ CMO-1 ကိုအသုံးပြု၍ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီသို့ လိပ်မူလျှောက်ထားရမည်ဖြစ်သည်။ CMO ၏ သက်တမ်းမှာ ဖွဲ့စည်းခွင့်ပြုသည့်နေ့မှစ၍ ငါးနှစ်အထိဖြစ်သည်။ သက်တမ်းမကုန်ဆုံးမီ သုံးလအတွင်း နောက်ထပ်ငါးနှစ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပုံစံCMO-2 ကို အသုံးပြု၍ အေဂျင်စီထံ လျှောက်ထားနိုင်သည်။

## ဖွဲ့စည်းနိုင်သည့် CMO အရေအတွက်

CMO များကို စာပေကဏ္ဍ၊ တေးဂီတကဏ္ဍ၊ ရုပ်ရှင်နှင့် အရုပ်အသံကဏ္ဍ၊ အမြင်အာရုံဖြင့် ခံစားနိုင်သော ဖန်တီးမှုအနုပညာနှင့် ဓာတ်ပုံကဏ္ဍ၊ ပြဇာတ်ကဏ္ဍ စသည့်ကဏ္ဍများတွင် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ စာပေ၊ အနုပညာ၊ တေးဂီတ၊ ရုပ်ရှင်နှင့် အရုပ်အသံ၊ ပြဇာတ် စသည့်ကဏ္ဍတစ်ခုစီအတွက် တူညီသည့် အခွင့်အရေးအမျိုးအစားကို စီမံခန့်ခွဲမည့် အဖွဲ့အစည်းအများဆုံး နှစ်ဖွဲ့ ဖွဲ့စည်းနိုင်သည်။ ဥပမာ- တေးဂီတကဏ္ဍတွင် တေးရေးဆရာ၊ တေးဂီတလက်ရာ ဖန်တီးသူများအတွက်(Copyright) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့၊ ဖျော်ဖြေသူများအတွက် (Related Rights) စီမံခန့်ခွဲမည့်အဖွဲ့နှစ်ဖွဲ့၊ တေးထုတ်လုပ်သူများအတွက် (Related Rights) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့ စသည်ဖြင့် တေးဂီတကဏ္ဍအတွက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့ပေါင်း ခြောက်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

## CMO အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည့်မီရမည့် အချက်အလက်များ

CMO ဖွဲ့စည်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီရမည်-

- အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်းဖြစ်ရမည်။
- စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းက စီမံဆောင်ရွက်မည့် စာပေအနုပညာကဏ္ဍအလိုက် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ သို့မဟုတ် အခွင့်အရေးရရှိသူများက အဖွဲ့ဝင်များအနေဖြင့် ပါဝင်သည့် အဖွဲ့အစည်းဖြစ်ရမည်။ (ဥပမာအားဖြင့် တေးဂီတကဏ္ဍတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ကို စီမံမည်ဆိုလျှင် မူပိုင်ရှင်များဖြစ်သော တေးရေးဆရာများ၊ တေးဂီတလက်ရာ ဖန်တီးသူများက အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။ ဆက်နွှယ်သည့်အခွင့်အရေးကို စီမံခန့်ခွဲသည့်အဖွဲ့ဖြစ်ပါက ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူများက အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။)
- CMO ၏ လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရမည်။

## CMO ၏ လုပ်ငန်းတာဝန်များ

CMO ၏ လုပ်ငန်းတာဝန်များတွင် အဖွဲ့အစည်းအနေဖြင့် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် အထွေထွေအစည်းအဝေးကျင်းပခြင်း၊ နှစ်ချုပ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို အေဂျင်စီသို့ တင်ပြခြင်း၊ အဖွဲ့အစည်းသို့ အပ်နှံထားသည့် လက်ရာများကို အသုံးပြုခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသူများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း၊ မူပိုင်ကြေးများ ခွဲဝေပေးနိုင်ရေးအတွက် လက်ရာများကို အသုံးပြုသည့် အချက်အလက်များကို စုစည်းပြုစုခြင်း၊ အသုံးပြုသူများထံမှ မူပိုင်ကြေးများ ကောက်ခံပြီး အဖွဲ့ဝင်ဖြစ်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များကို ခွဲဝေပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## CMO လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များ

CMO လျှောက်ထားရာတွင် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်၊ မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်၊ မူပိုင်ခွင့်ပိုင်ရှင်များကို အဖွဲ့ဝင်အဖြစ် လက်ခံသည့် သဘောတူညီချက်၊ အသုံးပြုသူများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့် သဘောတူညီချက် စသည့်အချက်အလက်များကို ပြည့်စုံစွာ တင်ပြရမည်ဖြစ်သည်။ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်နှင့် မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်များသည် CMO လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်များဖြစ်သည်။

စာမျက်နှာ ၁၁ သို့

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင် အိမ်ထောင်စုများ မိုးမကျမီ အမိုးအကာဖြင့် ရေ၊ မီးပြည့်စုံစွာနေထိုင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲက ယာယီတိမ်းရှောင်အိမ်ထောင်စုများအား မိုးမကျမီ အမိုးအကာဖြင့် ရေ၊ မီးပြည့်စုံစွာနေထိုင်နိုင်ရေး မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် အတွင်းရှိ ယာယီတိမ်းရှောင် စခန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်ခိန်ရပ်ကွက် နယ်မြေ (၁၁) အင်ဂျန်ဒုံလော်ဝေါ် သာသနာဝင်းအတွင်း၌ ခိုလှုံနေထိုင်လျက်ရှိသော ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာမှ ယာယီတိမ်းရှောင် အိမ်ထောင်စု ၃၀ နှင့် ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံ၍ စခန်းတာဝန်ခံနှင့် အိမ်ထောင်စုများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တစ်ကိုယ်ရေသုံးပစ္စည်းများ ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန်ခိန်ရပ်ကွက် နယ်မြေ(၁၁)ရှိ ဗေသလ ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်၍ စခန်းနေ အိမ်ထောင်စု ၄၅ စုတို့အတွက် နေထိုင်မှုအခြေအနေများကိုမေးမြန်းကာ ဝတ်ပြုခန်းမဆောင်နှင့် လူနေဆောင်များ ပြုပြင်ဆောက်လုပ်နိုင်ရေး ဝါးနှင့် အခြားလိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၆၂ သိန်းကို ပေးအပ်ပြီး တိမ်းရှောင် စခန်းသွားလမ်း သဲကျောက်လမ်းခင်းနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မန်ခိန်ရပ်ကွက်နယ်မြေ (၁၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်ပိုင် မြေနေရာရှိ စန်းကားယာယီတိမ်းရှောင်စခန်းနှင့် ချီဖွေယာယီတိမ်းရှောင်စခန်း၊ မန်ခိန် နယ်မြေ (၁၃) ဦးရီဆာခြံမြေကွက်ရှိ ယာယီတိမ်းရှောင်စခန်း၊ နယ်မြေ(၁၂) ဦးမော်ရာဟူးခြံမြေရှိ ယာယီတိမ်းရှောင်စခန်း၊ နယ်မြေ (၆)ရှိ ပထမလီဆူနှစ်ခြင်း အသင်းတော်စခန်းများသို့ သွားရောက်၍ အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံကာ အိမ်ထောင်စုများ၏ လိုအပ်ချက်များကိုမေးမြန်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုးချဲ့ဆောင်များ ဆောက်လုပ်နိုင်ရေးနှင့် လူနေဆောင်များ ပြုပြင်နိုင်ရေးအတွက် ဝါး၊ တာပေါ်လင်တို့ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေများကို ပေးအပ်ပြီး အခြားလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပသည့် မနောတိုင် ပြန်လည်ဖြုတ်သိမ်းနိုင်ရေး ဆုတောင်းဆက်ကပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား မနောပွဲတော်ကြီးကို ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး လိုအပ်သည်များကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်နှစ်များတွင်လည်း ပြည်နယ်နေ့ မနောပွဲတော်ကြီးကို ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် သိက္ခာတော်ရဆရာတော် ဦးလဘွေနော်ဘောက်၊ ဘုန်းတော်ကြီး ပေါလ်ဘရန်မိုင်နှင့် ဖာသာ ဒေါက်တာယုံဝါတို့က မနောတိုင်ပြန်လည်ဖြုတ်သိမ်းနိုင်ရေး ကောင်းချီးပေး ဆုတောင်းခြင်းများ ခံယူခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

---

❂ စာမျက်နှာ ၁၀ မှ

**အဆိုပါ သတ်မှတ်ချက်များကို လေ့လာပြီး မူပိုင်ခွင့်ပိုင်ရှင်များက ၎င်းတို့၏ အခွင့်အရေးများကို စီမံခန့်ခွဲပေးရန် CMO များသို့ ရွေးချယ်အပ်နှံလေ့ရှိကြသည်။ CMO များသည် မူပိုင်ရှင်များအား မူပိုင်ကြေး ပြန်လည်ခွဲဝေရာတွင်လည်း သတ်မှတ်ချက်အတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့သည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်း မရှိပါက မလိုလားအပ်သည့် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ပြီး အဖွဲ့အစည်း၏ ပုံရိပ်နှင့်ယုံကြည်မှုကို ထိခိုက်နိုင်သည်။**

**CMO အား ဆိုင်းငံ့ခြင်း**

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် CMO ၏ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်၍ လိုအပ်ပါက လုပ်ငန်းဆောင်ရွက်မှုများကို ဆိုင်းငံ့ခွင့်ရှိသည်။ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၊ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းနှင့် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ စာရွက်စာတမ်းနှင့် အချက်အလက်များကို မမှန်မကန်တင်ပြခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုမရှိခြင်း၊ အသုံးပြုသူ တစ်ဦးဦးနှင့် ချုပ်ဆိုထားသော စာချုပ်ကို ဖောက်ဖျက်ခြင်း၊ သက်သေခံလက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အချက်အလက်များကို မမှန်မကန်တင်ပြ၍ ဖြစ်စေ ရယူထားခြင်း၊ အဖွဲ့အစည်းကို အပ်နှံထားခြင်းမရှိသည့် လက်ရာအမျိုးအစား သို့မဟုတ် အခွင့်အရေးကို စီမံဆောင်ရွက်ခြင်း၊ မူပိုင်ခများ ကောက်ခံခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊ ကောက်ခံရရှိသည့် မူပိုင်ခများကို အခြားကိစ္စရပ်များအတွက် အသုံးပြုခြင်း၊ အဖွဲ့အစည်း ဖွဲ့စည်းခွင့်ရရှိပြီး တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုမရှိခြင်း စသည့်အချက်အလက်များကို တွေ့ရှိပါက အေဂျင်စီသည်CMO၏ လုပ်ငန်းဆောင်ရွက်မှုကို ခြောက်လ ဆိုင်းငံ့ထားမည်ဖြစ်သည်။

> **CMO များက မူပိုင်ခွင့်လက်ရာများကို လက်ခံ၍ စီမံဆောင်ရွက်ရာတွင်လည်း မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်လက်ရာများဖြစ်ပါက မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်သဖြင့် စာပေနှင့် အနုပညာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် နိုင်ငံတော်က စနစ်တကျတည်ဆောက်ပေးလျက်ရှိသော CMO အဖွဲ့အစည်းများကိုအသုံးပြု၍ မိမိတို့၏အခွင့်အရေးများကို အပြည့်အဝရရှိစေရန်နှင့် CMO များမှတစ်ဆင့် နိုင်ငံတကာသို့ မိမိတို့၏ လက်ရာများ လွယ်ကူစွာပျံ့နှံ့ဝင်ရောက်နိုင်စေရန် ဆောင်ရွက်သင့်**

လုပ်ငန်းဆောင်ရွက်မှုမပြုရန် ဆိုင်းငံ့ခံရကြောင်း အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ခြောက်လအတွင်း ဆိုင်းငံ့ထားခြင်းအား ရုပ်သိမ်းပေးရန် ဖြေရှင်းချက် သို့မဟုတ် ရှင်းလင်းချက်များနှင့်အတူ အေဂျင်စီထံ တင်ပြနိုင်ပါသည်။ အေဂျင်စီသည် CMO က တင်ပြလာသည့် ရှင်းလင်းချက်များကို စိစစ်ပြီး ဆိုင်းငံ့မိန့်ကို ရုပ်သိမ်းနိုင်သည်။

**CMO အဖြစ်မှ ပယ်ဖျက်ခြင်း**

CMO သည် လုပ်ငန်းဆိုင်းငံ့ခြင်းခံရပါက ခြောက်လအတွင်း ဆိုင်းငံ့ခံရမှုကို ရုပ်သိမ်းပေးရန် တင်ပြမှုပျက်ကွက်ခြင်း၊ ရုပ်သိမ်းပေးရန် တင်ပြခဲ့သော်လည်း အေဂျင်စီက ဆိုင်းငံ့မိန့်အား ရုပ်သိမ်းမှုမရှိခြင်း သို့မဟုတ် ဆိုင်းငံ့မိန့်ကို ရုပ်သိမ်းပေးပြီးနောက် CMO က ဆိုင်းငံ့ခြင်းနှင့်သက်ဆိုင်သည့် အချက်တစ်ရပ်ရပ်ကို ထပ်မံချိုးဖောက်ခဲ့လျှင် CMO အဖြစ်မှ ရုပ်သိမ်းခံရမည်ဖြစ်သည်။

CMO အဖြစ် ဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားမှုမရှိခြင်း၊ လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် CMO အဖြစ်မှ ပယ်ဖျက်ခံရခြင်းဖြစ်လျှင် CMO သည် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ခွင့် မရှိချေ။

**CMO စနစ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ**

နိုင်ငံတကာတွင် အစိုးရက စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်စေရန် စည်းမျဉ်းများ၊ နည်းဥပဒေများ ချမှတ်ပြီး ဆောင်ရွက်ကြသည်။ နိုင်ငံအချို့တွင် စုပေါင်းစီမံခန့်ခွဲသည့်စနစ် မအောင်မြင်ခြင်းမှာ ဥပဒေတစ်ရပ်ဖြင့် ထိန်းကျောင်းမှုမရှိဘဲ CMO များစွာ ဖွဲ့စည်းခွင့်ပြုခဲ့ခြင်းကြောင့် အသုံးပြုသူများအနေဖြင့် ယုံကြည်မှုလျော့နည်းခြင်း၊ ခွင့်ပြုချက်လိုင်စင်ကို မည်သည့် CMO ထံမှ ဆက်သွယ်ရယူရမည်ကို မသေချာခြင်း စသည်တို့ကြောင့် ဖြေရှင်းရန်မလွယ်ကူသည့် အခက်အခဲပြဿနာများ ပေါ်ပေါက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ CMO များက မူပိုင်ကြေးများကို သုံးစွဲသူများထံမှ ကောက်ခံခဲ့သော်လည်း မူပိုင်ခွင့်ပိုင်ရှင်များကို မျှတစွာ ပြန်လည်ခွဲဝေပေးခြင်းမရှိခြင်းကြောင့် ပြဿနာများပေါ်ပေါက်ကာ CMO များ ရုပ်သိမ်းခဲ့ကြရသည်။

သို့ဖြစ်၍ နိုင်ငံတော်တွင် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သင်ခန်းစာယူ၍ CMO များ ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ CMO များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ပါက CMO များ၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်များအတွက် ယုံကြည်အားထားမှုကို ရရှိမည်ဖြစ်သည်။

CMO များက မူပိုင်ခွင့်လက်ရာများကို လက်ခံ၍ စီမံဆောင်ရွက်ရာတွင်လည်း မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လက်ရာများဖြစ်ပါက မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်သဖြင့် စာပေနှင့် အနုပညာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် နိုင်ငံတော်က စနစ်တကျတည်ဆောက်ပေးလျက်ရှိသော CMO အဖွဲ့အစည်းများကို အသုံးပြု၍ မိမိတို့၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန်နှင့် CMO များမှတစ်ဆင့် နိုင်ငံတကာသို့ မိမိတို့၏လက်ရာများ လွယ်ကူစွာပျံ့နှံ့ဝင်ရောက်နိုင်စေရန် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဖော်ပြလိုက်ပါသည်။

**CMO စနစ်၏အကျိုးကျေးဇူး**

CMO များက မူပိုင်ခွင့်ပိုင်ရှင်များနှင့် စာပေအနုပညာလက်ရာအသုံးပြုသူများအကြား ကြားခံအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ပေးသည်။ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ လက်ရာများကို မည်သူတွေက မည်သည့်နေရာတွင် မည်ကဲ့သို့ အသုံးပြုနေသည်ဆိုသည်ကို အမြဲလိုက်လံစုံစမ်းရန် မလွယ်ကူချေ။ ထို့ကြောင့် ၎င်းတို့၏လက်ရာများကို ပိုင်ရှင်မသိဘဲ အသုံးပြုခြင်းခံနေရပြီး မူပိုင်ခွင့်ချိုးဖောက်ခံရမှုများရှိပါသည်။ CMO သည် ၎င်းထံ အပ်နှံထားသည့်လက်ရာများကို အသုံးပြုနေသည့် နေရာများသို့ လေ့လာစုံစမ်းပြီး မူပိုင်ကြေးများရရှိရန် ဆောင်ရွက်ပေးသဖြင့် မူပိုင်ရှင်များ၏ အခွင့်အရေး ချိုးဖောက်ခံရမှု လျော့နည်းစေပြီး စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုရရှိစေမည်ဖြစ်သဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များနှင့် အသုံးပြုသူများအကြား အပြန်အလှန် အကျိုးသက်ရောက်မှုရှိစေသည့် စီမံခန့်ခွဲမှုစနစ်တစ်ခု ဖြစ်ပါသည်။

နိုင်ငံအတွင်းရှိ CMO များသည် အခြားသောနိုင်ငံများရှိ CMO များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် CMO တွင် အပ်နှံထားသည့် လက်ရာများကို အခြားသောနိုင်ငံများတွင် မိမိတို့၏ လက်ရာများကို အသုံးပြုသည့် မူပိုင်ကြေးများကို သက်ဆိုင်ရာနိုင်ငံ၏ CMO များမှတစ်ဆင့် ကောက်ယူနိုင်သည့်အတွက် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၃

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့ ဖွဲကပင်အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ပြည်နယ်ရဲတပ်ဖွဲ့အသင်းနှင့် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ပူးတွဲ တတိယဆုရရှိသော ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအသင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသော ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသည့် ပြည်နယ်ရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုငါးသိန်းကျပ်နှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိကွင်းဒုံးစင်မြင့်၌ ကျင်းပရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း စာပေနှင့် ယဉ်ကျေးမှုအသင်းများမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ရပ်ကွက်ပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ ပြုလုပ်သည်။

ဦးစွာ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အမှတ်(၁၅၅)ရပ်ကွက် အိမ်ခြံမြေအကျိုးဆောင် ဘောလုံးအသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁၅၅) ရပ်ကွက် အိမ်ခြံမြေအကျိုးဆောင် ဘောလုံးအသင်းက ညွန့်ပေါင်း ဘောလုံးအသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်၍ ဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးမဋ္ဌု**

## ပခုက္ကူမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ပခုက္ကူ ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ခရိုင်အားကစားကွင်း၌ ပြုလုပ်သည်။



အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် ကိုယ်စားပြု Eleven FC အသင်းနှင့် အမှတ်(၁)ရပ်ကွက် ကိုယ်စားပြု မြို့မဌာနေအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Eleven FC အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး ကျော်ဇေလတ်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်ထွန်းနိုင်၊ ရဲမှူးနိုင်လင်းဆွေနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆု၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## အဖျောက်မြို့၌ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

တိုက်ကြီး ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဖျောက်မြို့ ရောမင်းအားကစားကွင်းတွင် ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲကို ရင်ခုန်သံအသင်းနှင့် Warrior FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရင်ခုန်သံအသင်းက ပထမဆုကို ဆွတ်ခူးရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ပထမဆုရ ရင်ခုန်သံအသင်းအား လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက ဒုတိယဆုရ Warrior FC အသင်းအား လည်းကောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး



ကျော်ဇင်ဝေက တတိယဆုရ Globel One Plus အသင်းအား လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**



**ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မအားကစားကွင်း၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ပထမဆုရရှိသည့် တိုက်နယ်(၇)ဘောလုံး အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။**

ဝင်းကြိုင်(ပြန်/ဆက်)

## ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရေး ဖေဖော်ဝါရီ ၁၃

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား ဌာနဆိုင်ရာနှင့် ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မွန်ပြည်နယ် ရေးမြို့နယ်မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပထမဆုရရှိသော အစင်အသင်းအား တစ်ဦးချင်းဆုနှင့် အသင်းလိုက် ငွေသားဆုကို



နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်သူဝင်း၊ ဒုတိယဆုရရှိသော ရန်မျိုးအောင်နှင့် ရန်ကြီးအောင်အသင်းအား တစ်ဦးချင်းဆုနှင့် အသင်းလိုက်ငွေသားဆုကို(ခေတ္တ) ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဇင်လတ်၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသူအား ရေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ ပထမဆုရရှိသည့် အသင်းအား တံခွန်စိုက်ဆုဖလားကို ရေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ပွဲစဉ်တစ်လျှောက် ဂိုးသမားအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက်(အရှေ့တန်း၊ အလယ်တန်း၊ အနောက်တန်း) အကောင်းဆုံး အားကစားသမားဆုရရှိသူများအား ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက ဆုများ တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဂါဇာကမ်းမြောင်ဒေသအတွက် ဒေါ်လာဘီလီယံပေါင်းများစွာသုံးစွဲမည့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ ကြေညာမည်




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဝါရှင်တန်၌ ပြုလုပ်မည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ပထမဆုံးအစည်းအဝေးတွင် ဂါဇာကမ်းမြောင်ဒေသအတွက်အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ သုံးစွဲမည့် ပြန်လည် တည်ဆောက်ရေးရန်ပုံငွေကို ကြေညာ မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် သမ္မတထရမ့်က ဂါဇာကမ်းမြောင်ဒေသ အသွင်ကူးပြောင်းရေး စီမံအုပ်ချုပ်မှုကို ကြီးကြပ်ရန် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ကို ပြီးခဲ့သည့်လက ဖွဲ့စည်းခဲ့သည်။ ထရမ့်က ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

အစည်းအဝေးကို လာမည့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော် အရာရှိတစ်ဦးက ပြောကြားသည်။ နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် အနည်းဆုံး နိုင်ငံပေါင်း ၂၀ မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်မည်ဟု မျှော်လင့်ရကြောင်း အဆိုပါ အရာရှိက ဆက်လက်ပြောကြားသည်။

သမ္မတ ထရမ့်က ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးရန်ပုံငွေကို ကြေညာခြင်းနှင့်အတူ ဟားမတ်စ်တို့၏ လက်နက်ဖျက်သိမ်းရေးအတွက် နိုင်ငံတကာ တပ်ဖွဲ့တွင် ပါဝင်သည့်နိုင်ငံများ၏ ပါဝင်ကူညီမှုများနှင့်ပတ်သက်ပြီး အကြမ်းဖျင်းဖော်ပြရန် မျှော်လင့်ရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် လေးလကျော်သွားပြီဖြစ်သော်လည်း သဘောတူညီချက်ကို ဟားမတ်စ်က ချိုးဖောက်သည်ဟု အစ္စရေးတပ်ဖွဲ့များက အခိုင်အမာဆိုကာ ဆက်တိုက်ဆိုသလို တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ဒေသတွင်း တည်ငြိမ်သော ပြန်လည်တည်ဆောက်ရေးကို မြှင့်တင်ရန် ငြိမ်းချမ်းရေးဘုတ်အဖွဲ့အတွက် စိန်ခေါ်မှုများ ရှိနေသေးကြောင်း နိုင်ငံရေးစောင့်ကြည့်သူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ပါကစ္စတန်နိုင်ငံ၌ ကလေး ၄၄ ဒသမ ၃ သန်းကျော်အား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၃**



ပါကစ္စတန်နိုင်ငံ၏ ယခုနှစ်အတွင်း ပထမဆုံး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့် အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း အမျိုးသား အရေးပေါ် လုပ်ငန်းစီမံခန့်ခွဲရေးစင်တာက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကလေး ၄၄ ဒသမ ၃ သန်းကျော်အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့သည်။ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ကလေး၂၂ ဒသမ ၉ သန်းကျော်၊ နိုင်ငံတောင်ပိုင်းရှိ ဆင်းပြည်နယ်တွင် ၁၀ ဒသမ ၅ သန်း၊ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာ ပြည်နယ်တွင် ၇ ဒသမ ၁၃ သန်းနှင့် အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ၂ ဒသမ ၃၆ သန်းကို ကာကွယ်ဆေး တိုက်ကျွေးခဲ့သည်။ ထို့ပြင် အစ္စလာမ်မာဘတ်တွင် ကလေး ၄၅၅၀၀၀ ကျော်၊ နိုင်ငံမြောက်ပိုင်း ဂီဂျစ်ဗက်တက်စတန်ပြည်နယ်တွင် ၂၆၁၀၀၀ နှင့် ကက်ရှ်မီးယားဒေသတွင် ၆၇၃၀၀၀ ကျော်ကို ကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။ ယခုပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့် အစီအစဉ်တွင် တာဝန်ရှိသူများ၏ တက်တက်ကြွကြွဆောင်ရွက်မှုကို ကျေးဇူးတင်ရှိကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**



## ထိုင်းနိုင်ငံရေးပါတီများက ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် သဘောတူ

**ဗန်ကောက် ဖေဖော်ဝါရီ ၁၃**

ထိုင်းနိုင်ငံရှိ အဓိကနိုင်ငံရေးပါတီများက အထွေထွေ ရွေးကောက်ပွဲပြီးနောက် ရက်အနည်းငယ်အကြာတွင် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။

အာဏာရ ဘမ်ဂျိုင်းထိုင်းပါတီက ဖြူထိုင်းပါတီကို ၎င်း၏ ညွန့်ပေါင်းအဖွဲ့အဖြစ် လက်ခံကြောင်း ပြောကြားသည်။ ရေးရိုးစွဲဝါဒီ ဘမ်ဂျိုင်းထိုင်းပါတီ အကြီးအကဲ ဝန်ကြီးချုပ် အနုတင်က ဖြူထိုင်းပါတီ အဖွဲ့ဝင်များနှင့် ယနေ့တွေ့ဆုံခဲ့သည်။

နိုင်ငံရေးပါတီများက ထိုင်းနိုင်ငံကို ပိုမိုခိုင်မာတည်ငြိမ်ပြီး ရေရှည်တည်တံ့သော အနာဂတ်သို့ ယူဆောင်သွားနိုင်ကြောင်း ဝန်ကြီးချုပ် အနုတင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘမ်ဂျိုင်းထိုင်းပါတီက ပြီးခဲ့သည့် အထွေထွေ ရွေးကောက်ပွဲတွင် ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့ပြီး အောက်လွှတ်တော်အမတ်နေရာ ၅၀၀ အနက် ၁၉၃ နေရာရရှိရန် ခန့်မှန်းထားသည်။

ဖြူထိုင်းပါတီက အမတ်နေရာ ၇၄ နေရာ ရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်မှုအခွန်ကင်းလွတ်ခွင့် သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နယူးဒေလီ ဖေဖော်ဝါရီ ၁၃**

အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့က ကုန်သွယ်မှုအခွန်ကင်းလွတ်ခွင့် သဘောတူညီစာချုပ်တစ်ရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နှစ်ဖက်အကြား ကုန်သွယ်မှုကို မြှင့်တင်ရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှုများအတွင်း အမေရိကန်နိုင်ငံအပေါ် မှီခိုအားထားမှုကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကြောင့် ၂၀၃၂ ခုနှစ်တွင် အိန္ဒိယသို့ ဥရောပသမဂ္ဂ၏ တင်ပို့မှု နှစ်ဆတိုးလာရန် မျှော်လင့်ရပြီး ဥရောပကုမ္ပဏီများအတွက် အခွန်ငွေ ယူရို လေးဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅ ဘီလီယံ) ကင်းလွတ်နိုင်မည်ဟု ဥရောပသမဂ္ဂက ပြောကြားသည်။

အလားတူ အီးယူက အိန္ဒိယနိုင်ငံမှ တင်သွင်းသော ကုန်ပစ္စည်းများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းအပေါ် အခွန်လျှော့ချမည်ဖြစ်ပြီး အိန္ဒိယ၏ ပင်လယ်ထွက်ကုန်ပစ္စည်းများ၊ သားရေနှင့် အထည်အလိပ်ထုတ်ကုန်များ၊ ဓာတုပစ္စည်းများ၊ ရော်ဘာ၊ အခြေခံသတ္တုနှင့် ကျောက်မျက်ရတနာများနှင့် လက်ဝတ်ရတနာများအပေါ် အခွန်ကင်းလွတ်မည်ဖြစ်ကြောင်း အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေ ၁ ဒသမ ၄ ဘီလီယံနှင့် ဥရောပရှိ သန်းပေါင်းများစွာသော ပြည်သူများအတွက် အခွင့်အလမ်းကောင်းများ ဆောင်ကြဉ်းပေးမည်ဖြစ်သည်။

အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့က ပဲပိစပ်၊ အမဲသား၊ သကြား၊ ဆန်နှင့် နို့ထွက်ပစ္စည်းများကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ကုန်သွယ်မှုသဘောတူညီချက်စာရင်းမှ ထုတ်ပယ်ထားသည်။

အမေရိကန်က အိန္ဒိယ ကုန်ပစ္စည်းအချို့အပေါ် အခွန် ၅၀ ရာခိုင်နှုန်း စည်းကြပ်ခွန် ချမှတ်ပြီးနောက် ဆယ်စုနှစ် နှစ်စုကြာ အီးယူ–အိန္ဒိယ ကုန်သွယ်ရေး ဆွေးနွေးပွဲ အရှိန်မြင့်တက်လာခဲ့သည်။

အိန္ဒိယနှင့် အီးယူအကြား ကုန်သွယ်မှုပမာဏမှာ ၂၀၂၅ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၅ ဘီလီယံရှိပြီး အိန္ဒိယနှင့် အမေရိကန်ကြား ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၁၃၂ ဘီလီယံနှင့် အိန္ဒိယနှင့် တရုတ်ကြား ကုန်သွယ်မှု ကန်ဒေါ်လာ ၁၂၈ ဘီလီယံရှိကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ပါကစ္စတန်နိုင်ငံက ပြည်တွင်းထုတ် Taimoor ဝေဟင်ပစ် ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၃**



ပါကစ္စတန်နိုင်ငံက ပြည်တွင်း၌ တီထွင်ဖန်တီး ပြုလုပ်ထားသည့် Taimoor ဝေဟင်ပစ် ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်စနစ်သည် ကီလိုမီတာ ၆၀၀ အကွာအဝေး၌ရှိသည့် ကုန်းမြေနှင့် ပင်လယ်အတွင်းရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်စွမ်းရှိကြောင်း ပါကစ္စတန်တပ်မတော်က ပြောကြားသည်။

ခေတ်မီသော နည်းပညာများ အပါအဝင် လမ်းကြောင်းပြခြင်းနှင့် လမ်းညွှန်စနစ်များ တပ်ဆင်ထားသည့် အဆိုပါ ဝေဟင်ပစ် ခရုဇ်ဒုံးကျည်သည် အလွန်နိမ့်သော နေရာတွင် ပျံသန်းနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိရောက်စွာ ရှောင်ရှားနိုင်စေကြောင်းလည်း သိရသည်။

ဒုံးကျည်၏ တိကျစွာ ပစ်ခတ်နိုင်စွမ်းသည် ပါကစ္စတန်လေတပ်၏ သမားရိုးကျ အပြန့်အတားနှင့် စစ်ဆင်ရေးကို သိသာထင်ရှားစွာ တိုးမြင့်စေပြီး နိုင်ငံ၏ အလုံးစုံကာကွယ်ရေး အနေအထားကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း ပါကစ္စတန်တပ်မတော်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီးကိုးဦး စုစုပေါင်း ၁၅၀ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၅၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်း ခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း တို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးသုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသားငါးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီးတစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား၃၈ ဦး၊ အမျိုးသမီးသုံးဦး၊ တောင်သာမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသားလေးဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသားခုနစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသားနှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားလေးဦး၊ အောင်လံမြို့နယ်မှ အမျိုးသားတစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသားတစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသားသုံးဦး စုစုပေါင်း အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီးကိုးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၅ လက်၊ RPG တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၉ လုံး၊ စကားပြောစက် ငါးလုံး၊ ကျည်အိမ် ၃၅ ခု၊ ကျည် ၉၇၂ တောင့်နှင့် ကျည်ကာအင်္ကျီလေးထည်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအား မောင်းပြန်ရိုင်ဖယ်တစ်လက်နှုန်းအတွက် ဆုကြေးငွေသိန်း ၅၀ နှုန်းဖြင့် ၁၅ လက်အတွက် ငွေကျပ်သိန်း ၇၅၀၊ RPG သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် သေနတ်နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့်ဗုံးသီးမျိုးစုံ တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့်ဗုံးသီးမျိုးစုံ ၁၉ လုံးအတွက်ငွေကျပ် ၅၇ သိန်း၊ စကားပြောစက် တစ်လုံးနှုန်းအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းဖြင့်စကားပြောစက် ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်နှုန်းအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းဖြင့် ကျည်ကာအင်္ကျီလေးထည်အတွက် ဆုကြေးငွေကျပ် ရှစ်သိန်းနှင့် လက်နက်မပါသူများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၃၃ ဦးအတွက် ဆုကြေးငွေကျပ် ၁၃၃ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀၄၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်၊ ခဲယမ်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ အကြမ်းဖက်အဖွဲ့အစည်းထဲရောက်ရှိရတဲ့ အကြောင်းရင်းက ကျွန်တော် အလုပ်လုပ်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေနဲ့ ချိတ်ထားပါတယ်။ သူငယ်ချင်းတွေက အကြမ်းဖက်အဖွဲ့အစည်းထဲသွားမယ် လုပ်ထားပါတယ်။ မသိခဲ့ပါဘူး။ ဟိုရောက်တော့ အကြမ်းဖက်အဖွဲ့အစည်းဖြစ်နေပါတယ်။ ကျွန်တော်အိမ်ပြန်ချင်တယ် ပြောတော့ ကျွန်တော့်ကို ပြန်မပို့ပါဘူး။ အရှင်ထွက်မရှိဘူး အသေထွက်ပဲရှိတယ်လို့ပြောပါတယ်။ နောက်ပြီး ကျွန်တော့်ကိုလည်း ပြေးရင် ပစ်သတ်မယ်၊ မိဘတွေကိုလည်း လိုက်ရှာပြီး သတ်မယ်လို့လည်း ပြောပါတယ်။ အဲဒါကြောင့် ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းနဲ့ တပ်မတော်နဲ့ တိုက်ပွဲတွေ ထိတွေ့မှုတွေရှိပါတယ်။ ဆုတ်ခွာရတဲ့ နယ်မြေတွေလည်းများပါတယ်။ ကျွန်တော်တို့ကို ဆက်ကြေးတွေ ကောက်ခိုင်းပါတယ်။ နွားထိုးကြီးမြို့နယ် ဘေးနားကရွာနီးစပ်ရာ ရွာတွေ အိမ်တွေဆိုရင်လည်း ကောက်ရပါတယ်။ တစ်လကိုငါးသောင်း၊ ခုနစ်သောင်း၊ တစ်သိန်း အဲဒီလိုကောက်ရပါတယ်။ နိုင်ငံခြားမှာသွားပြီးအလုပ်လုပ်တဲ့ သူတွေကိုလည်း ကောက်ရပါတယ်။ အဲဒါတွေဆိုရင် တစ်လကို ၁၀ သိန်း၊ ၁၂ သိန်း၊ သိန်း ၃၀ ကောက်ရပါတယ်။ အဲဒီလိုမျိုး မပေးဘူး။ သူတို့တောင်းတဲ့အချိန် မပေးဘူး မကြည်ဖြူတဲ့ ပုံစံတွေလုပ်ရင် အဲဒီလူကို ဒလန်ဆိုပြီး သတ်ပါတယ်။ ပြီးရင် မီးရှို့ဖျက်ဆီးပါတယ်။ ဒလန်ဆိုပြီး သတ်တဲ့နေရာမှာလည်း သတ်တဲ့အဖွဲ့က သတ်သတ်ကိုရှိပါတယ်။ အဲဒါကြောင့်မလို့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော်မကြိုက်ပါဘူး။ တပ်မတော်ထံလာရင်သတ်မယ် မိဘတွေကို နှိပ်စက်မယ်၊ ကောင်းကောင်းမနေရဘူး၊ ကောင်းကောင်းမစားရဘူး၊ အဲဒီလိုမျိုးတွေလည်း ပြောပါတယ်။ တကယ်တမ်း မဟုတ်ပါဘူး။ လိုလေသေးမရှိ အောင်ထားပါတယ်။ နောက်တစ်ခုက ကိုယ့်ညီအစ်ကို မောင်နှမလို၊ ကိုယ့်တူကိုယ့်သား လိုလည်း စောင့်ရှောက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်လာတော့လည်း သူတို့ကလည်း နွေးနွေးထွေးထွေးနဲ့ကြိုဆိုပါတယ်။ ဒါကတော့ ကျွန်တော် မျက်မြင်ကိုယ်တွေ့ပါ။ တောထဲက ညီအစ်ကိုမောင်နှမတွေအားလုံးကိုလည်း ကျွန်တော်မှာချင်ပါတယ်။ နီးစပ်ရာစစ်ကြောင်း၊ နီးစပ်ရာ ဌာနဆိုင်ရာ၊ နီးစပ်ရာ အရပ်တွေကိုသွားပြီးတော့ အမြန်ဆုံး ချိတ်ဆက်ပြီး အလင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

စာမျက်နှာ ၁၅ သို့

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျောင်းသံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |





# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❂ စာမျက်နှာ ၁၄ မှ

၂။ သင်တန်းတက်နေစဉ် ကာလအတွင်းမှာပဲ သင်တန်းဆရာတွေရဲ့ ခွဲခြား ဆက်ဆံတာတွေကိုလည်း ခံခဲ့ရပါတယ်။ အဲဒီအထဲမှာလည်း ထွက်ပြေးဖို့တော့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ့်အရှေ့မှာ ပြေးတဲ့သူတွေလည်း ရှိတယ်။ ဒါပေမဲ့ သူတို့လည်း ပြန်မိတယ်။ ပြန်မိတော့ ကြိုးတွေနဲ့တုပ်ပြီး သေလောက်အောင် ရိုက်နှက်တာ



တွေလည်း ကိုယ်တိုင်မြင်ခဲ့တွေ့ခဲ့ရပါတယ်။ မြင်တွေ့တော့ ငါလည်း ပြေးမယ်ဆိုလို့ရှိရင် သူတို့လိုပဲ ပြန်မိမယ်ဆိုပြီးတော့ သင်တန်းကို ကြိတ်မှိတ်ပြီးတော့ တက်ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာလည်း အဲဒီအကြမ်းဖက် ခေါင်းဆောင်တွေရဲ့ ပြည်သူတွေကို နှိပ်စက်မှုတွေ၊ မတရား ငွေကြေးကောက်ခံမှုတွေ ပြီးတော့ ရရှိလာတဲ့ငွေကြေးတွေကို ပြည်သူတွေအတွက် ပြန်လည် အသုံးပြုတာမရှိဘဲနဲ့ သူတို့ရဲ့ ကိုယ်ကျိုးအတွက် အသုံးပြုတာတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ တာဝန်ထမ်းဆောင်နေတဲ့ အချိန်မှာလည်း ကျွန်မ အဲဒီ အကြမ်းဖက် အဖွဲ့အစည်းက ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း မအောင်မြင်ခဲ့ပါဘူး။ အဲဒီကနေတစ်ဆင့် တကောင်းဘက်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တကောင်းဘက်မှာလည်း အဲဒီလိုပဲ အကြမ်းဖက်ခေါင်းဆောင်တွေရဲ့ ပြည်သူတွေအပေါ် နှိပ်စက်မှုတွေ၊ ငွေကြေးကောက်ခံမှုတွေကိုလည်း အရင်နည်းအတိုင်းပဲ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီမှာပဲ ကျွန်မအနေနဲ့ အရဲစွန့်ပြီး မန္တလေးဘက်ကို ထွက်ပြေးလာခဲ့ပါတယ်။ လမ်းမှာလည်း ကိုးရက်လောက် အချိန်ကြာမြင့်ခဲ့ပါတယ်။ ခက်ခက်ခဲခဲ ကျော်ဖြတ်လာပြီးတော့တပ်မတော်ထံမှာ အလင်းဝင်ခဲ့ပါတယ်။ တပ်မတော်မှာ အလင်းဝင်တဲ့အခါမှာလည်း ကျွန်မတို့ကိုနွေးနွေးထွေးထွေးကြိုဆိုပါတယ်။ တကယ့်မိသားစု အရင်းအခြာတွေလိုလည်း ဆက်ဆံပါတယ်။ သူတို့ ဟိုမှာ အကြမ်းဖက် အဖွဲ့အစည်းထဲမှာ နေတုန်းကလိုမျိုး သူတို့မှိုင်းသွင်းထားတာတွေရှိပါတယ်။ မင်းတို့ တပ်မတော်မှာ အလင်းဝင်မယ်ဆိုလို့ရှိရင် မင်းတို့ကိုသတ်မယ်။ မိန်းခလေးတွေဆိုလို့ရှိရင်လည်း အတင်းအဓမ္မ မုဒိမ်းကျင့်တာတွေ ရှိမယ်။ မိသားစုတွေကိုလည်း သတ်ဖြတ်တာတွေ ရှိတယ်ဆိုပြီးတော့ သူတို့မှိုင်းသွင်းထားတာတွေရှိပါတယ်။ ဒါပေမဲ့တပ်မတော်ထံမှာ အလင်းဝင်တဲ့အခါမှာ အဲဒီလိုမျိုးတွေမရှိပါဘူး။ ကျွန်မတို့ကို နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေကိုလည်း အမြန်ဆုံး အမြင်မှန်ရပြီးတော့ တပ်မတော်နဲ့ပူးပေါင်းဖို့တပ်မတော်ထံအလင်းဝင်ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

၃။ ကျွန်မသားလေးက လွန်ခဲ့တဲ့ ၂လ၊ ၃လလောက်က ပျောက်သွားပါတယ်။ ပျောက်တဲ့တစ်ရက်ကတော့ လိုက်မရှာခဲ့ပါဘူး။ ဒီလိုပဲ အပေါင်းအသင်းတွေနဲ့ သွားတယ်လိုပဲမှတ်ခဲ့ပါတယ်။ နောက်နေ့ တစ်ရက် သွားရှာကြတော့ အနောက်ဘက်က လူတွေက ပြောပါတယ်။ ဒီကလေးတွေ အနောက်ဘက် ကူးသွားတယ် ပြောတော့ ကျွန်မတို့မလိုက်သွား



ရဲတဲ့အတွက် အုပ်ချုပ်ရေးမှူးကို အကြောင်းကြားပါတယ်။ အုပ်ချုပ်ရေးမှူးကနေ အဲဒါဆိုရင် သက်ဆိုင်ရာကိုသွားပြီး သတင်းပေးမယ်ဆိုပြီး ကျွန်မတို့ကိုခေါ်သွားပါတယ်။ ခေါ်သွားတဲ့အတွက် ဆရာတွေကလည်း အဲဒါဆို အမကြီးရဲ့သားလေးက အသက်က ၁၂ နှစ်/၁၃ နှစ်ပဲရှိသေးတာကြောင့် အသက် မပြည့်သေးတဲ့အတွက် အဆက်အသွယ် လုပ်လာရင် ကျွန်တော်တို့ကို အကြောင်းကြားပါဆိုပြီး ကျွန်မတို့ကို အိမ်ကိုပြန်ပြီး အေးအေးဆေးဆေး နေထိုင်ခွင့်ပေးပါတယ်။ လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်မသားလေး ကျွန်မဆီကို ပြန်လာခဲ့ပါတယ်။ သူပြန်လာတော့ ကိုယ့်သားသမီး ကိုယ့်ရင်ခွင်ထဲကို ပြန်လာတဲ့အတွက် ကျွန်မဝမ်းလည်းသာပါတယ်။ ဒါပေမဲ့ ကျွန်မတစ်ချက်စဉ်းစားတာက ကျွန်မသားလေးက အမှောင်နယ်မြေက ပြန်လာတဲ့အတွက် သူတို့ပြောသလိုပဲ ရိုက်မယ် ချွတ်မယ်ပဲထင်ခဲ့ပါတယ်။ တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ စဉ်းစားပြီး မနက်လင်းတော့ ကျွန်မ အုပ်ချုပ်ရေးမှူးနဲ့ ရာအိမ်မှူးတို့ကို တိုင်ပင်ပါတယ်။ တိုင်ပင်တော့ ဒါဆိုရင် ဒီကလေးတွေကို တို့ သက်ဆိုင်ရာပို့မယ်။ စိတ်ချ ကလေးတွေဘာမှ မဖြစ်စေရပါဘူးလို့ အုပ်ချုပ်ရေးမှူးက ကတိပေးပါတယ်။ အဲဒါနဲ့ ကျွန်မတို့ အပ်လိုက်ပါတယ်။ အပ်လိုက်ပြီး ၄/၅ ရက်လောက်ကြာတော့သူများတွေပြောသလိုပဲ ကျွန်မသားတွေကို ခေါ်သွားပြီးတော့ ဒီအချုပ်ထဲမှာ ပဲထားပြီး ရိုက်မယ် နှက်မယ်မှတ်ပြီး ကျွန်မတို့စိုးရိမ်ပြီးတော့ အုပ်ချုပ်ရေးမှူးကို ဦးလေး ကျွန်မတို့ကလေးတွေနဲ့ တွေ့ချင်ပါတယ်လို့ပြောပါတယ်။ ပြောတော့ လိုက်ပို့ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ကလေးတွေဆီရောက်သွားတော့ သူတို့ပြောသလိုမဟုတ်ဘဲနဲ့ ကလေးတွေကို ဆရာတွေက ကိုယ့်အိမ်လို သဘောထားပြီး နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဆရာစားသလို ကျွေးပါတယ်။ ကလေးတွေကိုမေးပါတယ်။ မေးတော့ သားက "သားကိုဆရာကရိုက်လားမေးတော့ကလေးတွေက မရိုက်ပါဘူးလို့"ဖြေပါတယ်။ အဲဒီအတွက် ကျွန်မဝမ်းသာပါတယ်။ သူတို့လေးတွေ လွတ်လွတ်လပ်လပ်နေတာ မြင်တော့လည်း ကျွန်မပီတိဖြစ်ပါတယ်။ ဒီအခမ်းအနားပွဲပြီးရင် ကျွန်မသားလေးနဲ့ တွေ့ရတော့မယ့်အတွက် ကျွန်မ အတိုင်းမသိ ဝမ်းသာပါတယ်။ ကျွန်မအရင်တုန်းကဆိုရင် ကျွန်မသားလေး သေသလား ရှင်သလားတောင် ကျွန်မ မသိပါဘူး။ အခု ကျွန်မသားလေးကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကျွန်မတို့ သားအမိတစ်တွေလည်း ပျော်ပျော်ရွှင်ရွှင်နေထိုင်ခွင့်ပေးတဲ့ ကျွန်မတို့ ရွာက အုပ်ချုပ်ရေးမှူးကိုရော ဒီကအရာရှိ/အရာခံ/ဗိုလ်ကြီးတွေကိုလည်း ကျွန်မအထူး ကျေးဇူးတင်ရှိပါတယ်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည် လာရောက်မှုများဖြင့်စည်ကား

ညောင်ဦး ဖေဖော်ဝါရီ ၁၃

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ခြောက်ရက်ဆက်ပိတ်ခြင်းနှင့်အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက် ရှိကြောင်း ရွှေစည်းခုံဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကတာဝန်ရှိသူများထံမှ သိရသည်။

သမိုင်းဝင် စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ မဟာဌက်ပစ်တောင်စေတီ၊ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊မဟာဗောဓိဘုရား၊ ဖူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားငွေ့ာင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဓ္ဓဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် ယာဉ်ရပ်နားသည့် နေရာအခက်အခဲဖြစ်သည်အထိ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။



ပွဲတော်အချိန်ခါ မဟုတ်သည့် အခါကြီးရက်ကြီး အချိန်မှာပင် ပုဂံ-ညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေသည် ပြည်တွင်းပြည်ပ ခရီးသွား အဆက်မပြတ်သည့် မြို့ဖြစ်ကာ သီတင်းကျွတ် ရုံးပိတ်ရက်၊ တန်ဆောင်တိုင် ရုံးပိတ်ရက်၊ ဒီဇင်ဘာရုံးပိတ်ရက်/ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်း ရှိနေသေးသည့်ဘုရား၊ပုထိုး၊သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုးထိုးမလွဲ တစ်နေရာနှင့်တစ်နေရာ မဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်း ပြည်ပခရီးသွားများကို အလွန်ပင် ဆွဲဆောင်လှကြောင်း ရန်ကုန်မြို့မှ အဖွဲ့လိုက်ဘုရားဖူး လာရောက်ကြသည့် မစန္ဒာလှိုင်က ပုဂံဒေသအကြောင်း ပြောကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ဖေဖော်ဝါရီ ၁၂ ရက်မှစတင်ကာ ဘုရားဖူးခရီးသွား နေ့စဉ်တစ်သိန်းကျော်ဝင်ရောက်လျက်ရှိကာ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် ဘုရားဖူးများပြည့်နေပြီး စားသောက်ဆိုင်များ၊ ပြည်တွင်း ဧည့်ကားအငှားလိုက်သူများ၊ မြင်းလှည်းအငှားလိုက်သူများ၊ မီနီအိုးဝေအငှားထောင်ထားသူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ ဒေသထွက်ပစ္စည်း ရောင်းချသည့်ဆိုင်များ နေ့စဉ် ရောင်းဝယ်ဖောက်ကားမှုများဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေး စသည့်သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော လေးခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေအစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့်ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦးနှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲမဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီးရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



## ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးထားသည့် ရုရှားနေကြာမျိုး MAKHAON၊ VULKAN နှင့် IP POLIT မျိုးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပျဉ်းမနား ဖေဖော်ဝါရီ ၁၃

ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံခြံစိုက်ခင်း ၁၅ ဧကတွင် စိုက်ပျိုးထားရှိသည့် ရုရှားနိုင်ငံမှ နေကြာမျိုးများဖြစ်သည့် MAKHAON၊ VULKAN နှင့် IP POLIT မျိုးများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ရုရှားနေကြာမျိုး MAKHAON စိုက်ခင်းအတွင်း Collar Rot Disease (CRD)မှိုရောဂါ ကျရောက်သည့် နေကြာပင်များကို ကြည့်ရှုစစ်ဆေးကာ ကာကွယ်ကုသဆေးများ ဆောင်ရွက်ထားရှိမှု၊ ရောဂါပြန့်ပွားမှု ထိန်းချုပ်ဆောင်ရွက်ထားမှု အခြေအနေများကို စစ်ဆေးကာ နေကြာအဖူးအပွင့်များစတင်ချိန်ဖြစ်သည့်အတွက် အစေ့အဆန်အောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲနှင့် ချိတ်ဆက်ကာ ပျားပုံးချထားခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီး ရာသီဥတုအခြေအနေများကို တွက်ဆ၍ သီးနှံဆုံးရှုံးပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းရယ်မြို့၌ တရားမဝင်ကုန်စည်စီးဆင်းမှု မရှိစေရေး တာဝန်ရှိသူများ စစ်ဆေး

မိုင်းရယ် ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လဝက၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီမှစ၍ မိုင်းရယ်မြို့ အဝင်ဂိတ်တွင် တရားမဝင်ကုန်စည်စီးဆင်းမှု မရှိစေရေးအတွက် ယာဉ်များကို စစ်ဆေးသည်။

အဆိုပါ ပူးပေါင်းအဖွဲ့က ကျေးသီးဘက်မှလာသည့် မိုင်းရယ်မြို့အထွက်ယာဉ်များ လားရှိုး၊ တန့်ယန်းဘက်မှလာသည့် အဝင်ယာဉ်များကို ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်၊ မှတ်ပုံတင်နှင့် ကုန်စည်တင်သွင်းမှုဆိုင်ရာ အထောက်အထားများပါရှိမှုနှင့် မှန်ကန်မှု ရှိ၊ မရှိ တို့ကို စစ်ဆေးကြသည်။

မိုင်းရယ်မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ထိစပ်ရာ မြို့အဖြစ်တည်ရှိနေပြီး ကုန်စည်စီးဆင်းမှု အချက်အခြာကျရာမြို့ဖြစ်သဖြင့် တရားမဝင်ကုန်စည် စီးဆင်းမှုမရှိစေရေး တာဝန်ရှိသူများက အခါအားလျော်စွာ ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

**မိုင်းရယ်(ပြန်/ဆက်)**



## လွိုင်ကော်မြို့နယ်၌ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ မြေပဲနုတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် ဖေဖော်ဝါရီ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကပ္ပလီကျေးရွာရှိ ကပ္ပလီ(ရွှေဝွန်း) စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက မြေပဲစိုက်အသင်းသား တောင်သူ ၆၄ ဦး၏ စိုက်ပျိုးထားသော ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ဧက ၄၀၀ မြေပဲနုတ်သိမ်းနေမှုကို ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ် ဦးစီးမှူးက ဆောင်းမြေပဲစိုက် အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ ဆောင်းဆီထွက်သီးနှံ (မြေပဲ) နုတ်သိမ်းနေမှုနှင့် မြေပဲနုတ်သိမ်းချိန်တွင် အလေအလွင့်မရှိစေရေး၊ မြေပဲတောင့်များ ထိခိုက်ကွဲအက်မှု မရှိစေရေးတို့အတွက် စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။ မြေပဲအထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အိမ်ရာစီမံခန့်ခွဲရေးကော်မတီတို့ ဦးစီးကျင်းပသည့် အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က အမှတ်(၉၄)ရပ်ကွက် ပိုက်ကျော်ခြင်းကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်မိုးကြည်က အမှာစကားပြောကြားပြီး အမှတ် (၉၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**



# လူငယ်များ သိရှိလေ့လာသင့်သော ဥပဒေပညာ

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

ဥပဒေဆိုသည်မှာ လူသား၏ အပြုအမူကို ထိန်းညှိပေးသည့် ကိရိယာတစ်ခုဖြစ်သည်။ လူ့အဖွဲ့အစည်း၏ ရှုထောင့်မှကြည့်လျှင် ဥပဒေဆိုသည်မှာ တရားမျှတမှု၊ ကိုယ်ကျင့်တရား၊ ဆင်ခြင်တုံတရား၊ စနစ်နှင့် ဖြောင့်မတ်ခြင်းတို့ကို ဆိုလိုသည်။ ဥပဒေပြုလွှတ်တော်၏ ရှုထောင့်မှကြည့်လျှင် ဥပဒေများ၊ အက်ဥပဒေများ၊ စည်းမျဉ်းများနှင့် အမိန့်များကို ဆိုလိုသည်။ လူငယ်များအနေဖြင့် ဥပဒေပညာကို သိရှိလေ့လာရန် လိုအပ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် လူငယ်များအား အလုပ်အကိုင်များစွာနှင့် သက်ဆိုင်သည့် စွမ်းရည်ရှိသော ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ သုတေသနနှင့် ဆက်သွယ်ရေးစွမ်းရည်များကို ပေးစွမ်းနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် တရားမျှတမှုအတွက် ထောက်ခံအားပေးရန်၊ အခွင့်အရေးများကို ကာကွယ်ရန်နှင့် လူမှုရေးစည်းမျဉ်းများကို နားလည်ရန် မူဘောင်တစ်ခုကိုလည်း ပံ့ပိုးပေးသောကြောင့်ဖြစ်သည်။ ၎င်းသည် ရှုပ်ထွေးသောပြဿနာများကို ဖြေရှင်းရန်၊ စည်းမျဉ်းများကို လမ်းညွှန်ရန်နှင့် အပြုသဘောဆောင်သော ပြောင်းလဲမှုကို မောင်းနှင်ရန် လူငယ်များအား သင်ကြားပေးပြီး ကိုယ်ရေးကိုယ်တာဘဝနှင့် လူ့အဖွဲ့အစည်းနှစ်ခုလုံးအတွက် အကျိုးရှိစေပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် လူငယ်ကျောင်းသားများဥပဒေပညာရပ်အားအထူးပြုလေ့လာနေသည်ကို တွေ့ရသည်။

ဥပဒေသည် ရည်ရွယ်ချက်များစွာကို ဆောင်ရွက်ပေးပါသည်။ အဓိကအချက်လေးချက်မှာ စံနှုန်းများချမှတ်ခြင်း၊ ငြိမ်ဝပ်ပိပြားမှုကို ထိန်းသိမ်းခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် လွတ်လပ်ခွင့်များနှင့် အခွင့်အရေးများကို ကာကွယ်ခြင်းတို့ဖြစ်သည်။ လူငယ်တို့၏ စိတ်အားထက်သန်မှု

> **လူငယ်တို့၏ စိတ်အားထက်သန်မှုသည် ပိုမိုတောက်ပသော အနာဂတ်အတွက် လူ့အဖွဲ့အစည်းကို ပြန်လည်ပုံဖော်ရန်ဖြစ်ပါက ဥပဒေပညာရပ်သည် ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် အစွမ်းထက်သောလမ်းကြောင်းကို ပေးဆောင်ပါသည်။ ဥပဒေပညာရပ်များမှတစ်ဆင့် လူ့အခွင့်အရေးများအတွက် ထောက်ခံအားပေးခြင်းဖြစ်စေ၊ လူသားတို့၏ နေ့စဉ်ဘဝတွင် ရင်ဆိုင်နေရသော ပဋိပက္ခများကို ဖြေရှင်းခြင်းဖြင့်ဖြစ်စေ လူသားတို့၏ဘဝများကို တိုက်ရိုက်လွှမ်းမိုးနိုင်**

သည် ပိုမိုတောက်ပသော အနာဂတ်အတွက် လူ့အဖွဲ့အစည်းကို ပြန်လည်ပုံဖော်ရန်ဖြစ်ပါက ဥပဒေပညာရပ်သည် ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် အစွမ်းထက်သောလမ်းကြောင်းကို ပေးဆောင်ပါသည်။ ဥပဒေပညာရပ်များမှတစ်ဆင့် လူ့အခွင့်အရေးများအတွက် ထောက်ခံအားပေးခြင်းဖြစ်စေ၊ လူသားတို့၏ နေ့စဉ်ဘဝတွင် ရင်ဆိုင်နေရသော ပဋိပက္ခများကို ဖြေရှင်းခြင်းဖြင့်ဖြစ်စေ လူသားတို့၏ဘဝများကို တိုက်ရိုက်လွှမ်းမိုးနိုင်ပြီး လူ့အဖွဲ့အစည်းကို အထောက်အကူပေးနိုင်ပါသည်။

ဥပဒေပညာကို လေ့လာခြင်း၏အရေးပါမှုသည် လူ့အဖွဲ့အစည်းတိုင်းတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍအဖြစ် ပါဝင်လျက်ရှိသည်။ ဥပဒေပညာရပ်သည် ကော်ပိုရိတ်၊ နိုင်ငံရေးနှင့် စီးပွားရေးမှသည် မိသားစုနှင့် အလုပ်ခွင်အထိ အမျိုးမျိုးသော ပတ်ဝန်းကျင်တွင် လိုအပ်ပါသည်။ ဥပဒေပညာရှင်များသည် အခြေခံအားဖြင့် တရားမျှတမှုကို ဖော်ဆောင်ပေးသည်၊ လူ့အခွင့်အရေးများကို ကာကွယ်သည်၊ အပြန်အလှန် ဆက်ဆံရေးကို ထိန်းညှိပေးသည်၊ လူမှုရေးတည်ငြိမ်မှုကို ထိန်းသိမ်းပေးသည်။ ထို့ကြောင့် ဥပဒေပညာကို လေ့လာခြင်းသည် လူသားတို့၏ နေ့စဉ်ဘဝတွင် နည်းလမ်းများစွာဖြင့် အရေးကြီးပြီး သက်ဆိုင်ပါသည်။

လူငယ်များဥပဒေလေ့လာခြင်းသည် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆက်သွယ်ရေးစွမ်းရည်များကို ပေးစွမ်းနိုင်သည်။ တည်ငြိမ်ပြီး ငွေကြေးအရ အကျိုးအမြတ်ရှိသော အလုပ်အကိုင်လမ်းကြောင်းများကို ဖန်တီးပေးသည်။ ဥပဒေပညာရပ်သည် လူငယ်များအား အသိပညာရှိသော နိုင်ငံသားများ၊ ပညာရှင်များဖြစ်လာစေရန် မူဘောင်တစ်ခုကို ပံ့ပိုးပေးပါသည်။ ကွဲပြားသော အလုပ်အကိုင်အခွင့်အလမ်းများကို ပေးစွမ်းသည်။ ယနေ့ခေတ်ကမ္ဘာတွင် ဥပဒေပညာကို လေ့လာခြင်းသည် ကဏ္ဍအမျိုးမျိုးတွင် အလုပ်အကိုင်အခွင့်အလမ်းများကို ဖွင့်လှစ်ပေးနိုင်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရေးရှင်းများကို အကြံဉာဏ်ပေးနိုင်သည်၊ ပဋိပက္ခကြားဝင်ညှိနှိုင်းမှုတွင် ပါဝင်နိုင်သည်။ ထို့ပြင် ဥပဒေပညာသည် လူမှုရေးပြဿနာများကို ဖြေရှင်းရာတွင် ပါဝင်ကူညီနိုင်သည်။ ဥပဒေပညာသည် ခေတ်ပြိုင်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအတွက် ဖြေရှင်းနည်းများကို လူငယ်များအား ပေးစွမ်းနိုင်သည်။

လူငယ်များအနေဖြင့် ဥပဒေဗဟုသုတများကို သိရှိလေ့လာရန် လိုအပ်ပါသည်။ ဥပဒေပညာကို စိတ်ဝင်တစား လေ့လာသောလူငယ်များသည် ဥပဒေနယ်ပယ်အမျိုးမျိုး၏ ဗဟုသုတကို အပြည့်အဝရရှိရန်နှင့် အထူးစိတ်ဝင်စားသည့် အထူးပြုနယ်ပယ်တစ်ခုကို ဆက်လက်လေ့လာကြသည်။ ဥပဒေကျောင်းသားများသည် ဥပဒေစနစ်၊ တရားစွဲဆိုမှု၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း နက်နဲသောဗဟုသုတများရရှိကြပြီး ၎င်းတို့၏ ပရော်ဖက်ရှင်နယ်လုပ်ငန်းခွင်အတွင်း လက်တွေ့လုပ်ဆောင်ရင်း အဆက်မပြတ် လေ့လာဆည်းပူးနေကြသည်။

လူငယ်များသည် ဥပဒေကျောင်းသားများဖြစ်လာလျှင် လုပ်ငန်းကျွမ်းကျင်မှုအပြင် soft skills ကျွမ်းကျင်မှုများကို မြှင့်တင်ရန် လိုအပ်ပါသည်။ လူငယ်တို့၏ နှုတ်ဖြင့် ဆက်သွယ်ပြောဆိုမှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်မှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ခိုင်မာသော ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့သည် များစွာသော soft skills အရည်အချင်းများအနက်မှ အနည်းငယ်ဖြစ်သည်။ ထူးချွန်သော ရေးသားမှုစွမ်းရည်ကိုပြသခြင်း၊ သုတေသနတွင် ပါဝင်ခြင်းနှင့် အရေးကြီးသော သတ်မှတ်နောက်ဆုံးရက်များနှင့် ကိုက်ညီစေရန် လူငယ်များအနေဖြင့် အချိန်ကိုထိရောက်စွာ စီမံခန့်ခွဲရန်လိုအပ်သည်။

လူငယ်များ ဥပဒေကို လေ့လာသိရှိထားလျှင် ကျွမ်းကျင်မှုအမျိုးမျိုးနှင့် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးကို ပိုမိုနားလည်လာမည်ဖြစ်သည်။ ဥပဒေကို လေ့လာခြင်းက လူငယ်များအနေဖြင့် လူမှုဆက်ဆံရေး၊ ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ မူဘောင်များကို ဘယ်လိုဖန်တီးကြသလဲဆိုသည်ကို ပိုမိုနားလည်စေသည်။ ခွဲခြမ်းစိတ်ဖြာပြီး ပြဿနာဖြေရှင်းနည်း၊ ရေးသားပြောဆိုသောစကားလုံးများနှင့် ဖော်ပြတတ်လာမည်။ ထို့ပြင် ဦးဆောင်မှုကို အသုံးပြုတတ်လာမည်။ တခြားသူများနှင့် ခင်မင်ရင်းနှီးလာမည်။

ဥပဒေနှင့်ပတ်သက်သော ကိုးကားချက်များသည် ဥပဒေ၏ အခန်းကဏ္ဍကို မကြာခဏ မီးမောင်းထိုးပြလေ့ရှိသည်။ Cicero ဆိုသူက "ပြည်သူများ၏ ဘေးကင်းရေးသည် အမြင့်ဆုံးဥပဒေဖြစ်ရမည်"ဟု ဆိုသည်။ Martin Luther King Jr. ကမူ "မည်သည့်နေရာတွင်မဆို မတရားမှုသည် နေရာတိုင်းတွင် တရားမျှတမှုအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်"ဟု ဖော်ညွှန်းခဲ့သည်။ အဆိုပါ ပုဂ္ဂိုလ်များ၏ ကျော်ကြားသောဥပဒေနှင့်ပတ်သက်သည့် ကိုးကားချက်များသည် ဥပဒေ၏ လိုအပ်ချက်မှ ၎င်း၏အသုံးချမှုကို ဝေဖန်ခြင်းအထိ အာဏာ၊ ကိုယ်ကျင့်တရားနှင့် တရားမျှတမှု၏ ရှုပ်ထွေးမှုများဆိုင်ရာ အကြောင်းအရာများကို စူးစမ်းလေ့လာထားသည်ကိုတွေ့ရသည်။ လူသိများသော ဥပဒေဆိုင်ရာ ကိုးကားဖော်ပြချက်တစ်ခုမှာ "ဘယ်သူမှ ဥပဒေရဲ့ အထက်မှာမရှိ၊ ဘယ်သူမှ ဥပဒေရဲ့အောက်မှာလည်း မရှိဘူး။" ပင်ဖြစ်သည်။ "တရားမျှတမှုဆိုတာ ကျင့်ဝတ်ပဲ၊ ကိုယ်ပိုင်ကျင့်ဝတ်မဟုတ်ဘဲ လူသားတစ်ရပ်လုံးရဲ့ ကျင့်ဝတ်ပါ။ ကိုယ့်ကျင့်တရားရဲ့အသံကို ရှင်းရှင်းလင်းလင်း မှတ်မိသူတွေဟာ တရားမျှတမှုရဲ့အသံကိုလည်း မှတ်မိလေ့ရှိပါတယ်။" ဟု ကိုးကားပြောဆိုကြသည်။

အခြားထင်ရှားသော ဥပဒေဆိုင်ရာဖော်ပြချက်များကလည်း လူငယ်များ သိရှိနားလည်သင့်သော အခြေခံအချက်များဖြစ်သည်။

၁။ ဂျွန်လော့ခ် - "ဥပဒေရဲ့အဆုံးဟာ ဖျက်သိမ်းဖို့ ဒါမှမဟုတ် ကန့်သတ်ဖို့မဟုတ်ဘဲ လွတ်လပ်မှုကို ထိန်းသိမ်းပြီး ချဲ့ထွင်ဖို့ပါ။ ဥပဒေကို တတ်နိုင်တဲ့ ဖန်ဆင်းခံသတ္တဝါတွေရဲ့ အခြေအနေအားလုံးမှာ ဥပဒေမရှိရင် လွတ်လပ်မှုမရှိပါဘူး။"

၂။ အီမန်နျူရယ်ကန့် - "ဥပဒေမှာ လူတစ်ယောက်ဟာ တခြားသူတွေရဲ့ အခွင့်အရေးတွေကို ချိုးဖောက်ရင် အပြစ်ရှိပါတယ်။ ကျင့်ဝတ်မှာတော့ အဲဒီလိုလုပ်ဖို့ပဲ တွေးရင် အပြစ်ရှိပါတယ်။"

၃။ အရစ္စတိုတယ် - "အကောင်းဆုံးအချိန်မှာ လူသားဟာ သတ္တဝါအားလုံးထဲမှာ အမြင့်မြတ်ဆုံးပါ။ ဥပဒေနဲ့ တရားမျှတမှုကနေ ကင်းကွာနေရင် အဆိုးဆုံးပါပဲ။"


၄။ အန်တိုနီယို ဗီလာရိုင်ဂိုဆာ - "ရှင်းရှင်းလင်းလင်းပြောရရင် ဘယ်သူမှ ဥပဒေအထက်မှာ မရှိပါဘူး။ နိုင်ငံရေးသမားလည်းမဟုတ်ဘူး၊ ဘုန်းကြီးလည်းမဟုတ်ဘူး၊ ရာဇဝတ်သားလည်း မဟုတ်ဘူး၊ ရဲအရာရှိလည်းမဟုတ်ဘူး။ ကျွန်တော်တို့အားလုံး ကိုယ့်ရဲ့လုပ်ရပ်တွေအတွက် တာဝန်ရှိပါတယ်။"

ဥပဒေသမိုင်းဆိုသည်မှာ ဥပဒေ မည်သို့ တိုးတက်ပြောင်းလဲလာသည်နှင့် အဘယ်ကြောင့် ပြောင်းလဲလာသည်ကို လေ့လာခြင်းဖြစ်သည်။ ဥပဒေသမိုင်းသည် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် နီးကပ်စွာ ဆက်စပ်နေပြီး လူမှုရေးသမိုင်း၏ ပိုမိုကျယ်ပြန့်သောအခြေအနေတွင် လုပ်ဆောင်သည်။ ဥပဒေလုပ်ငန်းစဉ်ဆိုင်ရာ ဥပဒေပညာရှင်များနှင့် သမိုင်းပညာရှင်များသည် ဥပဒေများ၏ တိုးတက်ပြောင်းလဲလာမှုကို မှတ်တမ်းတင်ကြသည်။ ဤဥပဒေများ မည်သို့ တိုးတက်ပြောင်းလဲလာသည်ကို နည်းပညာဆိုင်ရာ ရှင်းလင်းချက်အဖြစ် ရှုမြင်ကြသည်။ အချို့က ဥပဒေသမိုင်းကို ဉာဏပညာသမိုင်း၏ ဌာနခွဲတစ်ခုအဖြစ် သတ်မှတ်ကြသည်။ ။


## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**

"အဲဒီမှာ အင်မတန်မြန်တဲ့ ဂျက်လေယာဉ်ပျံတစ်စင်းရှိတယ်။ မင်း လေယာဉ်ရဲ့ တစ်ဖက်စွန်းထဲ ရောက်တာနဲ့ တစ်ချိန်တည်း မင်း တခြားတစ်ဖက်စွန်းကို ရောက်ပြီဆိုရင် မင်းဟာ မင်းရဲ့ခရီးဆုံးကို ရောက်နေပြီးဖြစ်တယ်လို့ မှတ်ပေတော့"



"သတို့သမီးဟာ သူမရဲ့ လက်ထပ်တဲ့နေ့မှာ အမြဲတမ်း ကံ မကောင်းတာ ဘာကြောင့်လဲ"
"ဘာကြောင့်လဲဆိုတော့ သူမဟာ ဘယ်တုန်းကမှ အကောင်း ဆုံးယောကျ်ားကို လက်မထပ်ခဲ့လို့ပါပဲ"





"သန်းတစ်ကောင်ဟာ တခြားတစ်ကောင်ကို ဘာပြောခဲ့သလဲ"
"ငါတို့ လမ်းလျှောက်မလား ဒါမှမဟုတ် ငါတို့ ကြောင် တစ်ကောင်ကို ဖမ်းမှာလား" တဲ့။

❂ ကျောဖုံးမှ

"ယခုလာမယ့် ရုံးပိတ်ရက်ရှည်မှာ ကလေးတွေ စာမေးပွဲပြီးပြီဖြစ်တဲ့အတွက် ပုပ္ပားကို ခရီးသွား မပြတ် ဝင်ရောက်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့ ပိတ်ရက်တွေမှာလည်း ပုပ္ပားတောင်မကြီးတက်တဲ့ ခရီးသွားတွေနဲ့ စန္ဒကူးခင်းရွှေသမင်ခြံကို လာကြည့်သူတွေ မပြတ်ခဲ့ပါဘူး။ ခရီးသွားအများစုက ပုပ္ပားတောင်မကြီးကို သွားတယ်၊ Resort မှာ ထမင်းစားပြီး စန္ဒကူးတောက ရွှေသမင်နဲ့ ဆတ်တွေကို အနီးကပ် အစာကျွေးကြတယ်၊ ဓာတ်ပုံရိုက်၊ သဘာဝအလှကြည့်ရှုကြတာများပါတယ်။ ပုပ္ပားတောင် အမျိုးသား ဘူမိဥယျာဉ်ထဲမှာ ဘူမိနယ်မြေ(၁)ဖြစ်တဲ့ ပုပ္ပားတောင်ကလပ်၊ ဘူမိနယ်မြေ(၆) ဖြစ်တဲ့ ပညာပေးပြခန်း၊ ပညာပေးစိုက်ခင်းနဲ့ ဘူမိနယ်မြေ(၇)ဖြစ်တဲ့ စန္ဒကူးတောသမင်ခြံကို အများဆုံး လေ့လာကြတာ များပါတယ်။ ပိတ်ရက်ကာလမှာ လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ပုပ္ပားတောင် အမျိုးသား ဘူမိဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မျိုးထွေးက ပြောသည်။

ရွှေသမင်သည် ခွာစုံနို့တိုက်သတ္တဝါဖြစ်ပြီး မျိုးစိတ်ခွဲ သုံးမျိုးရှိကြောင်း မှတ်တမ်းတင်ထားကာ ၁၈၃၈ ခုနှစ်တွင် ဗြိတိသျှ တပ်မတော်အရာရှိ Percy Eld မှ အိန္ဒိယနိုင်ငံ မဏိပူရချိုင့်ဝှမ်းဒေသတွင် စတင်တွေ့ရှိ မှတ်တမ်းတင်ခဲ့ရာမှ တွေ့ရှိသူအမည်အားအစွဲပြု၍ Eld's Deer ဟု ခေါ်ဆိုခဲ့သည်။ ရွှေသမင်ကောင်ရေ နည်းပါးလာပြီး မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရ၍ ရွှေသမင်များကို နိုင်ငံတော်အဆင့်ဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့တွင် ရွှေသမင်များ ရှင်သန် ကျက်စားလျက်ရှိပြီး တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့တွင် သမင်မျိုးစိတ်ကွဲဖြစ်သည့် Cervus eldi siamensis မှာလည်း ကောင်ရေ ကျဆင်းလာမှု တို့ကြောင့် ခြံလှောင်စနစ်ဖြင့် မွေးမြူလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရွှေသမင်များကို ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် အလောင်းတော်ကဿပအမျိုးသား ဥယျာဉ်နှင့် ပုပ္ပားတောင် အမျိုးသား ဘူမိဥယျာဉ်တို့တွင် ကာကွယ်စောင့်ရှောက်ထားသည်။



ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် စန္ဒကူးတောအတွင်းရှိ မြန်မာ့ရွှေသမင်ကို တွေ့ရစဉ်။

ရွှေသမင် မျိုးစိတ်အလိုက် နေထိုင်ကျက်စားပုံ ကွဲပြားလေ့ရှိပြီး မြန်မာနိုင်ငံတွင် ရွှေသမင်များ အင်တိုင်းတော၊ တောခြောက်နှင့် ရွက်ကြွေတောတို့တွင် ရှင်သန်ကျက်စားလေ့ရှိ၍ အိန္ဒိယနိုင်ငံ၌ စိမ့်တော၊ နွံတောတို့တွင် ကျက်စားကာ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ရွက်ကြွေတောများတွင် ရှင်သန်ကျက်စားသည်။ တစ်ချိန်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရွှေသမင်များကို ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အတွင်းရှိစန္ဒကူးသစ်တောအတွင်း ကာကွယ်စောင့်ရှောက်ထားပြီး ခရီးသွားများနှင့် ယဉ်ပါးနေပြီဖြစ်သော ရွှေသမင်များအား ဖေဖော်ဝါရီလ ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပုပ္ပားဒေသ၏ စိမ်းလန်းစိုပြည်မှု သဘာဝအလှနှင့်အတူ ကြည့်ရှုလေ့လာနိုင်ရန် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အား နေ့စဉ်ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်း – ကိုလွင်**
**ဓာတ်ပုံ – ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်**



## ပူတာအိုမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

ပူတာအို ဖေဖော်ဝါရီ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပူတာအိုမြို့နယ် ဒါဂိုရှိဇားကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေညွှန့်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခမ်းကိုင်က သင်တန်းဆင်းလက်မှတ်များနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေညွှန့်က ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းတွင် ဂရိတ်ဖရု(ယို/ဖျော်ရည်/ဝိုင်)၊ ခရမ်းချဉ်သီးယို၊ နာနတ်သီးဖျော်ရည်၊ ကျောက်ဖရုံယို၊ အမေရိကန်သံပရာယို၊ သဘော်သီးယို(အချို/အစပ်)၊ ဘုရင်သီးဖျော်ရည်၊ အာလူးကြော်ပြုလုပ်နည်းများကို ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❒ အာဆင်နယ်အသင်းမှ

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ နာမည်ကြီး အာဆင်နယ်အသင်းက မာဒူကီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး ရရှိခဲ့ပေမယ့် ပွဲကစားချိန် ၇၁ မိနစ်မှာ လီဝစ်ပေါ်တာရဲ့ သွင်းဂိုးပြန်လည်ခွင့်ပြုပေးလိုက်ရတာကြောင့် ဘရန်းဖို့ဒ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အဲဒီလို သရေရလဒ်ထွက်ပေါ်ခဲ့လို့ တစ်မှတ်စီခွဲယူခဲ့ရတာကြောင့် ဇယားထိပ်မှာ ခြောက်မှတ်ဖြတ်ဦးဆောင်နိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပေမယ့် ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်လိမ့်မယ်လို့ ရေပန်းစားနေတဲ့ အာဆင်နယ်အသင်းကတော့ အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နေဆဲပဲဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ အမှတ်ပေးဇယားအောက်ဆုံးက ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့ရင် မန်စီးတီးအသင်းကို ခုနှစ်မှတ်ဖြတ်ကာ ပြန်လည်ဦးဆောင်နိုင်မှာဖြစ်ပြီး ၂၀၀၄ ခုနှစ်ကတည်းက ဝေးကွာနေတဲ့ ပရီမီယာလိဂ်ဖလားကို ပထမဆုံးဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ ပိုမိုနီးစပ်လာတော့မှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ယခုဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့ ကာရာဘောင်ဖလားဗိုလ်လုပွဲကန်ရဖို့ရှိသလို ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်တို့မှာလည်း ထိပ်ဆုံးကဦးဆောင်နေတဲ့အပြင် အက်ဖ်အေဖလားလည်း ကန်ရဖို့ရှိနေသေးတာကြောင့် ဖလားလေးလုံး လမ်းကြောင်းပေါ်မှာပဲ ရှိနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

❖ အာဆီယံမှ

အပြီးသတ်ကစားသမား ၁၄ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဒေါ်ဝါဝါခိုင်က တာဝန်ယူကိုင်တွယ်နေပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(A)တွင် အိမ်ရှင်ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အုပ်စု(B)တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဩစတြေးလျအသင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်းမပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



## ကျောက်ပန်းတောင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးပညာပေး

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းသည် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့်တပ်ဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ၏ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှောင်တခင်ဝင်ရောက်စစ်ဆေး၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်ဆေးဘူးများ အသင့်ထားရှိခြင်း ရှိ/ မရှိ၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကားနှင့် မီးသတ်ရေကန်များ အဆင်သင့်ဖြစ်မှု ရှိ/ မရှိနှင့် ဟိုတယ်၊မိုတယ်နှင့် တည်းခိုခန်းများတွင် အရေးပေါ်ထွက်ပေါက်များ အသုံးပြုနိုင်ခြင်း ရှိ/မရှိ တို့ကို ရှောင်တခင်ဝင်ရောက်စစ်ဆေး၍ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**




## အဆင်ပြေမှုဆိုတာနှင့် အခြားစာစုများ



လင်းထင်ကျော် (ညောင်လေးပင်)၏ အဆင်ပြေမှုဆိုတာနှင့် အခြားစာစုများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အဆင်ပြေမှုဆိုတာ၊ ဟိုဘက်အိမ်က ချေးကိုမျှော်ပြီး ဝက်မမွေးလေနဲ့၊ လမ်းဟောင်းကသွားလည်း ရန်ကုန်ရောက်ပါတယ်၊ အဆင်ပြေမှုဆိုတာ (၂)၊ ရောမရောက်ရင် ရောမလိုကျင့်ရုံပေါ့၊ ဘာလဲ...ဘယ်လဲ၊ ငနီကိုကြိုးချည်ထားမှ အိပ်ရေးဝတယ်၊ ဆိတ်သားစားရင် ကံကောင်းမယ်၊ ကမ္ဘာမြေကြီးရဲ့ သဘာဝနှင့် လူ့ဘဝကို ဖြတ်သန်းခြင်း၊ အဆင်ပြေမှုဆိုတာ (၃)၊ သက်ဆုံးထိတိုင်၊ စိတ်ညစ်ရတာကို ပျော်လာမိပြီ၊ လေယူရာကိုယိမ်းပါလို့၊ အဆင်ပြေမှုဆိုတာ (၄)၊ အောင်မြင်ခြင်းနှင့် ကျရှုံးခြင်း၊ အဆင်ပြေမှုဆိုတာ (၅)၊ သူပါမှ ပွဲစည်မှာလား၊ လဲရင်ပြန်ထမှားရင်ပြန်ပြင် အမှားကြီးသွားရင်တော့ တစ်ကပြန်စရုံသာ၊ ထိုင်ခုံကျောမှီ လက်တန်း၊ အဆင်ပြေမှုဆိုတာ (၆)၊ မမေးရသော အမေးများ၊ သူတစ်ပါးအခွင့်အရေးကို လေးစားပါ၊ ဆန့်ကျင်ဘက်များမှ ဖောက်ထွက်ခြင်း၊ လူထဲက လူပေမို့၊ အဆင်ပြေမှုဆိုတာ (၇)၊ မလေးရှားမှာ၊ စင်ကာပူက ပိုင်ရှင်မဲ့ တိရစ္ဆာန်တွေ၊ စင်ကာပူ၊ အင်ဒိုနီးရှား ဘာတမ်ကျွန်းနှင့် မိမိ၊ မလိုချင်ရင် ချမ်းသာတယ်၊ ကျွန်တော့်အဖေ စသည့် စာစု အပုဒ် ၃၀ ပါဝင်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉-၇၉၈၀၈၉၁၄၈၊ ၀၉-၇၇၇၁၃၉၄၇၇၊ အမှတ် (၂၁၉)၊ လမ်း (၄၀) အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## ချစ်ဦးသူနဲ့ ပင်လယ်ကိုဖြတ်ခဲ့သည်နှင့် မဂ္ဂဇင်းဝတ္ထုများ





ကျွန်းစဉ်မြေ စောခက်၏ ချစ်ဦးသူနဲ့ ပင်လယ်ကိုဖြတ်ခဲ့သည်နှင့် မဂ္ဂဇင်းဝတ္ထုများ စာအုပ်ထွက်ရှိလာသည်။

ရှင်သန်ခဲ့ ဘဝရေပင်လယ်၊ တောပန်းများလည်း မွေးပါသည်၊ သံယောဇဉ် မြစ်လက်တက်များ၊ ဗုဒ္ဓတရား သစ္စာစကား၊ ကျေးဇူးပါ အမိမြေကမ္ဘာ၊ မြတ်ဗုဒ္ဓတမန်တော် ရှင်ရဟန်းဖြစ်ပါရစေ၊ ချစ်ဦးသူနဲ့ ပင်လယ်ကိုဖြတ်ခဲ့သည်၊ လှေကလေးလှော်လို့ ကျောင်းသွားသည်၊ ပြေးလမ်းပေါ်က မင်းတို့ငါတို့၊ ကျေပါစေ သူငယ်ချင်းရယ်၊ အိမ်စိုးမေ ရင်ခုန်ရပြန်ပြီ၊ မေတ္တာဝါဒီ ကုသိုလ်သည်များ၊ မောင်ရှူးပြီ မြခင်ကြည်၊ ရေပေါ်ရေအောက် အံ့လောက်သူများ စသည့်ဝတ္ထုတို ၁၂ ပုဒ်နှင့် ဝတ္ထုရှည်နှစ်ပုဒ်ပါဝင်သည်။

ဆရာကျွန်းစဉ်မြေစောခက်၏စာများသည် လေ့လာပြီး၊ မေးမြန်းပြီး ရေးသားထားသောစာများမဟုတ်။ စာရေးသူကိုယ်တိုင် ရုန်းကန်၊ ရင်ဆိုင်၊ အန်တုခဲ့ရသော ဘဝ၏အစိတ်အပိုင်းများကို နှလုံးသားနှင့် ခံစားပုံဖော်ထုဆစ်ထားသော စာများဖြစ်သည်။ ရေငန်တံငါများ၏ လုပ်ငန်းအလှ၊ စိတ်ထားအလှ၊ စေတနာအလှ၊ ရေမြေတောတောင် သဘာဝတရားအလှအပတို့ကို တွေ့ကြုံခံစားရေးဖွဲ့ထားသည့်အတွက် စာဖတ်သူကို တစ်စုံတစ်ခုသော ခံစားမှုရသကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

စာအုပ်ကို မေတ္တာရိပ်နန်းစာပေ၊ ဖုန်း ၀၉-၂၅၉၈၆၉၅၁၇၊ ၀၉-၆၈၃၆၇၆၈၆၀၊ အခန်း (၂)၊ တိုက် (၂၂၃)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## မျက်ခုံးပေါ်ကလူနှင့် အခြားဝတ္ထုတိုများ




လှိုင်းမာန် ရေးသားသည့် မျက်ခုံးပေါ်ကလူနှင့် အခြားဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ရှောင်တစ်လိမ်နားသူများ၊ ဂုဏ်သတင်းပေမယ့် ဂုဏ်ရနံ့မသင်းသာ၊ သူရဲကောင်းယမ်းထွန်း၊ ဆန္ဒစော အမော၊ အငှံပိုး၊ မျက်ခုံးပေါ်ကလူ၊ သည်းခံလိုက်ရတာ တကယ်ပဲနော်၊ သံယောဇဉ်လမ်းမကြီး၊ တုတ်အပြိုင် ခေါးဆိုင်၊ အရပ်ပျက်မ၊ မိုင်နာ၊ အကြွားပိုတဲ့ ဒေါ်လာ စသည့် ဝတ္ထုတို ၁၂ ပုဒ် ပါဝင်သည်။

စာရေးသူသည် သူ့ဘဝတစ်လျှောက်လုံး ဒေသတစ်ခုတည်းတွင် အတည်တကျနေထိုင်ခဲ့ရခြင်းမရှိသလို ကာလမျိုးစုံ ဖြတ်သန်းလာရသည့်အတွက် သူ့ဝတ္ထုများ၌လည်း ကာလအမျိုးမျိုးကို တွေ့ရသည်။ သူနေထိုင်ခဲ့ရသည့် ဒေသများမှ သူဖြတ်သန်းခဲ့ရသည့် ကာလများအတွင်း သူထိတွေ့ဆက်ဆံရသော လူတို့၏ စရိုက်အသီးသီးကို သူတတ်ကျွမ်းသည့် ဖန်တီးမှုဖြင့် ရိုးသားစွာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

လောကဓံလှိုင်းလုံးများ၏ ရိုက်ပုတ်မှုဒဏ်ကို အလူးအလဲခံရသည့်ကြားမှ စာပေစိတ်ဓာတ်အား မလွှတ်တမ်းဖက်တွယ်ထားသည့် ဆရာလှိုင်းမာန်၏ ဝတ္ထုများကို ဖတ်ရှုခံစားကြည့်ရန် မောင်မြေနီ (တမာတော)က ဆိုထားသည်။ စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉-၇၉၈၀၈၉၁၄၈၊ ၀၉-၉၆၆၃၁၁၂၂၅ (Viber)၊ အမှတ် (၂၁၉)၊ လမ်း ၄၀ (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## ခွန်အားဖြည့်စာစုများ




စာရေးသူ သိန်းဝင်းဦးရေးသားသော လက်တွေ့ MOTI စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်၌ သိန်းဝင်းဦး ရေးသားထားသည့် စီမံခန့်ခွဲရသူဆိုတာ၊ နည်းမှန်၊ လူမှန်၊ နေရာမှန်၊ ရင့်ကျက်လာတဲ့အခါ၊ အားနည်းချက်၊ ချို့ယွင်းချက်နဲ့ လိုအပ်ချက်၊ နိမိတ်ရှိတဲ့အမည်၊ သာမန်လို မနေနဲ့၊ မတွေးနဲ့၊ လူဖြစ်ရှုံးသူများ၊ စိတ်ကူးကနေ ထိပ်ဖူးအထိရောက်ဖို့၊ နည်းပေးလမ်းပြ၊ သင့်တော်တဲ့ အလုပ်လုပ်ကိုင်ခြင်း၊ ဝင်ငွေရတာမတူရင် သုံးတာလည်း မတူပါစေနဲ့၊ ရာသက်ပန် ကိုယ်စားလှယ်တော်ကြီး၊ စွန့်လွှတ်ခြင်းရဲ့ပီတိ၊ ဘယ်ကိုရောက်နေပြီလဲ အမြဲတွေးပါ၊ ရှေ့ဆောင်လမ်းပြသူ၊ တန်ဖိုးကြီးတာနဲ့ အဖိုးတန်တာ၊ ကောင်းမှုကုသိုလ်ဆိုတာ စသည့်ဆောင်းပါးခေါင်းစဉ်များ ပါဝင်သည်။

ယင်းစာအုပ်ကို မေတ္တာရိပ်နန်းစာပေ၊ အခန်း(၂)၊ တိုက် (၂၂၃)၊ မိုးကောင်းလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉-၂၅၉၈၆၉၅၁၇၊ ၀၉-၆၈၃၆၇၆၈၆၀ မှ ဖြန့်ချိထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

## အိမ်ခြံမြေအကျိုးတော်ဆောင်များ

### လိုက်နာဆောင်ရွက်ရမည့် အမိန့်ညွှန်ကြားချက်များနှင့် အခွင့်အရေးများ၊ အသုံးပြုရမည့် သတ်မှတ်ပုံစံ (ဥပဒေ၊ နည်းဥပဒေ)များမှ ကောက်နုတ်ချက်




အသုံးပြုရမည့် သတ်မှတ်ပုံစံ (ဥပဒေ၊ နည်းဥပဒေ)များမှ ကောက်နုတ်ချက် ပေါင်ချိန် (ဥပဒေ) H.G.P, LL.B. ၏ အိမ်ခြံမြေအကျိုးတော်ဆောင်များ လိုက်နာဆောင်ရွက်ရမည့် အမိန့်ညွှန်ကြားချက်များနှင့် အခွင့်အရေးများ၊ အသုံးပြုရမည့် သတ်မှတ်ပုံစံ (ဥပဒေ၊ နည်းဥပဒေ)များမှ ကောက်နုတ်ချက်စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားချက်အမှတ် (၁၉/၂၀၁၉)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် (၄၅/၂၀၁၉)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်၊ အိမ်ခြံမြေအကျိုးတော်ဆောင်များဆိုင်ရာ ညွှန်ကြားချက် (၁/၂၀၂၂)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားချက်အမှတ် (၁၇/၂၀၁၉)၊ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် သက်ဆိုင်သောပုံစံများ ပါရှိသည်။

အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းနှင့် ပတ်သက်သမျှသော အိမ်ရှင်၊ မြေရှင်များ၊ ဝယ်ရောင်းသမားများ၊ ကုမ္ပဏီများ၊ ကန်ထရိုက်တာများ၊ ကွန်ဒိုမီနီယံ စုပေါင်းတည်ထောင်သူများ၊ ပုဂ္ဂလိကဘဏ်များ၊ အပေါင်အနှံဖြင့် ငွေချေးငှားလိုသူများ လက်ကိုင်ထားရမည့် စာအုပ်ဖြစ်သည်။

စာအုပ်ကို ပေါင်ချိန်စာပေတိုက်၊ ဖုန်း ၀၉-၉၄၀၄၃၈၇၉၉၊ အမှတ် ၁၃၆၈၊ စိန်ပန်းလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးသူအောင် (လွန်ဆေး)၏ **“ပြိုင်တူတွန်းသော အရွေ့နှင့် ဘဝတစ်ကွေ့အမှတ်တရစာစု”** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် လူသားတစ်ယောက် နိုင်ငံ့ဝန်ထမ်းအနေဖြင့် ဘဝပတ်ဝန်းကျင် ဖြတ်သန်းခဲ့ရသမျှ အတွေ့အကြုံသင်ခန်းစာ သုတပညာများကို သရုပ်ဖော်ထားသည့် ဇာတ်လမ်းများပါဝင်သည်။ စာရေးသူတွင် ပြည်ပအတွေ့အကြုံများစွာရှိရာ ရုရှား၊ ဂျာမန်၊ အယုဒ္ဓယ စသည်တို့ပါဝင်ပြီး ရောက်ခဲ့သမျှ ထိတွေ့ခဲ့သည်များကို မှတ်တမ်းတင်သည်။ ပြည်ပခရီးသွားစာပေနှင့် ပြည်တွင်းဒေသလုပ်ငန်းခွင်၊ မိဘဆွေမျိုးမိတ်သင်္ဂဟ စသည်များကို မှတ်မှတ်သားသား တင်ပြသည်။ တစ်ချိန်က ကြီးထွားခဲ့သည့် ကွန်မြူနစ်စနစ်မှ ပုံပြင်များက တစ်မျိုးတစ်ဘာသာ စိတ်ဝင်စားစရာဖြစ်၏။ ပြည်ပခရီးတွင် ဖြောင့်ဖြူးသော လမ်းချည်းမဟုတ်။ ဒုက္ခကြုံရပုံလည်း ပါဝင်သည်။ ထို့ပြင် မြန်မာ့လူမှုပတ်ဝန်းကျင်၌ ကြုံတွေ့ခဲ့ရသော အဖြစ်သနစ်များကို သရုပ်ဖော်ရာတွင် မကုန်ခန်းနိုင်သော မိဘမေတ္တာအကြောင်းလည်း ပါဝင်သည်။ ထို့ပြင် သံသရာခရီးသည်ဟု ဆိုအပ်သော ပုထုဇဉ်တို့၏ သောကအမြင်ကိုပါ အသိပွားစရာဖြစ်အောင် လှစ်ဟထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈ – ၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇ – ၃၄၁၄၆၈၁၊ ၀၉ – ၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂ – ၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကား မှာယူလိုပါက အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈ – ၂၄၉၀၃၁၊ ၀၁၈ – ၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ဗိုလ်တထောင် လမ်းသွယ်(၂)လမ်း၊ အမှတ်(၂၂/၂၄) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ အကျယ်အဝန်း (၁၅ပေx ၅၀ ပေ) ခန့်ရှိ (၅)လွှာ၊ (B-5)ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူ လက်ရှိနေထိုင်ပိုင်ဆိုင်ထားသူများဖြစ်ကြသော ယခုရောင်းချသူများဖြစ်သည့် ဦးသိန်းနိုင် [၁၂/ဗတထ(နိုင်)၀၃၄၉၅၇]နှင့် ဒေါ်ထားထားရီ [၁၂/ဗတထ(နိုင်)၀၂၁၂၃၂] တို့က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အမွေစားအမွေခံ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလိုပါကြောင်း ကမ်းလှမ်း လာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက် အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယမင်းသူ (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်– ၅၅၃၀၈)**
**အမှတ် (၁၉၂)၊ ပထမထပ်၊ (၃၂–လမ်း) အထက်၊ (၁၁)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၈၄၇၈၆၂၊ ၀၉–၂၅၅၇၇၈၀၉၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက် ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၃)၊ ပထမထပ်ဟုခေါ်တွင်သည့် တိုက်ခန်းကို ပိုင်ဆိုင်သူ ဒေါ်လှလှမြင့် [၁၂/အလန(နိုင်)၀၂၀၀၄၇] ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကျွန်တော့်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ် ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးလှိုင် [၁၂/လသန(နိုင်)၀၁၈၇၂၂]**
**၀၉–၅၁၂၁၈၇၂၊ ၀၉–၉၆၀၀၅၀၇၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သည့် မြေကွက်အကျယ်ပေ(၄၀x၆၀)ပေရှိ ဂရန်မြေ ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန်းမြင့်(ဘ) ဦးကြင်အေး [၁၂/ဥကတ(နိုင်)၁၃၄၇၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့ခမ်း[၁၂/ဒဂန(နိုင်)၀၁၉၉၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၂)၊ လူနေရပ်ကွက်အမှတ်(၈၂)၊ မေတ္တာလမ်းမကြီး၊ မြေကွက်အမှတ်(၇၀၀)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးသင်းလှ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေလုံးချင်းအိမ်(၅)လုံး၊ အဝီစိရေတွင်းအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင် ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်အေး [၁၂/ရကန(နိုင်) ၀၀၈၈၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဦး [၁၂/သကတ(နိုင်)၁၆၆၁၃၀] သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများ နှင့် အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B, LL.M (International Law),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၉)**
**အမှတ်(၆၄)၊ ရေကျော်လမ်းမ၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၇၇၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

